mgyoe.com SAMPLE BOOK

ရေ့နေ ဆိုပြီး ရေ့က နေတတ်ဖို့
နောက်က နေတာ မဖြစ်ရလေအောင် . . .

# ရှေ့နေ့ပညာ
## အသုံးချမှတ်စုများ

ဦးမြင့်ဝင်း (ရွှေဘို)

mgyoe.com SAMPLE BOOK

'ရှေ့နေပညာ (အသုံးချမှတ်စု)' စာအုပ်သည် Advocacy (by R.K. Soonavala) စာအုပ်မှ မိမိတို့အတွက် အသုံးဝင်နိုင်မည့် အချက်အလက်များ၊ အမှုအခင်း စစ်ဆေးပုံများကို အခြေပြု တင်ပြထားပါသည်။ ထို့ပြင် ယင်းစာအုပ်တွင် ရှေ့နေရှေ့ရပ်ပညာကို Noble Profession (အကျင့်သိက္ခာနှင့် ပြည့်စုံသော ပညာ) ဟူ၍ အမြတ်တနိုး အမွန်အမြတ်ထားကာ ကျင့်သုံးခဲ့ကြသော ရှေးလူကြီးများ၏ ဆုံးမသွန်သင်ချက်များလည်း ပါဝင်နေပါသည်။ ယင်းတို့ကို သဘောကျသည့်အတွက် ကောင်းနိုးရာရာ မှတ်စုထုတ်နုတ်ကာ မိမိ၏ အတွေ့အကြုံများဖြင့် ယှဉ်တွဲ၍ ယခုစာအုပ်ကို ပြုစုထားခြင်း ဖြစ်ပါသည်။

WISDOM HOUSE

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

- ပြည်ထောင်စု မြန်မာနိုင်ငံတွင် ဥပဒေပညာရှင်များသည် ယခင်က တရားစီရင်ရေးနယ်ပယ်တွင်သာ ရပ်တည်နေခဲ့ကြရာမှ ယခုအခါ ဥပဒေပြုရေးတွင် လည်းကောင်း၊ အုပ်ချုပ်ရေးတွင် လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာကြရပြီ ဖြစ်ပါသည်။ တစ်ဆစ်ချိုး ပြောင်းလဲလိုက်သည့် ခေတ်ပြင်ရေလှိုင်းကြီး ဖြစ်ပါသည်။ ဤရေလှိုင်း ကို မည်သူမျှ ရှောင်တိမ်းလို့မရပါ။ ကျွမ်းကျင်သည် ဖြစ်စေ၊ မကျွမ်း ကျင်သည် ဖြစ်စေ ကျရာနေရာမှ မိမိအတွက်၊ မိမိ ပတ်ဝန်းကျင် အတွက်၊ မိမိနိုင်ငံအတွက် ထမ်းရွက်ကြရပါတော့သည်။

*ရှေးဦးစကား မှ*

- ဆန့်ကျင်ဘက်ရှေ့နေ၏ ကျွမ်းကျင်စွာ တိုက်ခိုက်လာမှုကြောင့် မိမိ ရက်၊ လ များစွာ အချိန်ယူတည်ဆောက်ထားရသည့် အမှုမှာ တစ်စ တစ်စ ပြိုကွဲလာသည်ကို မြင်တွေ့ရသည့်အခါမျိုးတွင် မိမိ၏ ကိုယ်၊ နှုတ် အမူအရာကို ထိန်းချုပ်နိုင်သော စိတ်ခွန်အား ရှိရပါမည်။ မိမိ တည်ဆောက်ထားသော အမှုဖြစ်စဉ်ကို တစ်မုဟုတ်ချင်း ဖြိုဖျက် ပစ်နိုင်လောက်သည့် အထောက်အထားတစ်ရပ်ကို မမျှော်လင့်ဘဲ တစ်ဖက်မှ တင်သွင်းလိုက်သည့်အခါ အမှတ်မထင် တုံ့ပြန်ပေါ် ပေါက်လာတတ်သည့် မိမိအပြုအမူကို သေသပ်စွာ ထိန်းချုပ်နိုင် ရပါမည်။ ထိုသို့ ထိန်း ချုပ်နိုင်စွမ်းရှိသည့် စိတ်ခွန်အားသည်လည်း ရှေ့နေတစ်ဦး၏ အရည်အချင်း ဖြစ်ပါသည်။

*အောင်မြင်မှုအတွက် အရင်းအနှီးများ မှ*

mgyoe.com

mgyoe.com SAMPLE BOOK

❑ အများနားလည် လက်ခံထားသော အယူအဆများ၊ လွတ်လပ်ခွင့်များကို မျက်မြင်အားဖြင့်ပင် ဆန့်ကျင် ချိုးဖောက်ထားသည့် ဥပဒေဖြစ်နေပါလျှင် အာဏာဖြင့် ပြဋ္ဌာန်းထားသောကြောင့် လိုက်နာရန် တာဝန်ရှိသည်ဟု ဆိုကြစေကာမူ ထိုဥပဒေ၏ခိုင်မာမှုအပေါ် အကဲစမ်းသည့် ဆန့်ကျင်မှုများ တွေ့ကြုံရမည်သာ ဖြစ်ပါသည်။ မျက်မှောက်ခေတ် ပါလီမန် အများစုသည် ဓနအင်အား အခြေပြု လူလတ်တန်းစား အလွှာ၏ အကဲစမ်းမှုမျိုး၊ ငြင်းဆန် တုံ့ပြန်မှုမျိုး ဖြစ်လာနိုင်သည့် အနေအထားအား ရှေးရှုသော ဥပဒေတစ်ရပ် ပြဋ္ဌာန်းရန် မစွန့်စားတတ်ကြပါချေ။

*ဥပဒေ၏ သဘာဝ* မှ

❑ ရှေ့နေအတတ်ပညာကို အပိုင်း သုံးပိုင်း ခွဲ၍ တင်ပြထားပါသည်။ ပထမအပိုင်းမှာ နှုတ်ရေးကြွယ်မှု ဖြစ်ပါသည်။ အရစ္စတိုတယ်ခေတ်ကတည်းက ဤစကားပြောဆိုခြင်းကို အတတ်ပညာတစ်ရပ်အဖြစ် လက်ခံထားကြပါသည်။ ဒုတိယအပိုင်းမှာ မေးမြန်း စိစစ်တတ်ခြင်း ဖြစ်ပါသည်။ စကားကြွယ်ခြင်း၊ ပြောရဲဆိုရဲ ရှိခြင်းကို ဆိုလိုခြင်း မဟုတ်ပါ။ သိလိုက်သော အချက်အလက်တစ်ရပ်အား စနစ်တကျ ခွဲခြမ်းစိတ်ဖြာတတ်ခြင်းကို ဆိုလိုခြင်း ဖြစ်ပါသည်။ တတိယ အချက်မှာ အမှုတစ်ခုလုံးကို ခြုံ၍ ဘယ်လိုဘယ်ပုံ ဖော်ထုတ် တင်ပြမည်ကို နည်းဗျူဟာ ချမှတ်ခြင်း ဖြစ်ပါသည်။

*တရားခွင်သို့* မှ

❑ လျှောက်လဲချက် ရေးသား ပြောဆိုခြင်းသည် ရှေ့နေတစ်ဦး၏ အရေးကြီးသော လုပ်ငန်းတာဝန်တစ်ရပ် ဖြစ်သည် ဆိုရာတွင် ရှေ့နေသည် အမှုစွဲဆိုသည်မှ သက်သေများကို စစ်ဆေးပြီးဆုံးသည်အထိ သတိကြီးစွာထား၍ စစ်ဆေး မေးမြန်းခဲ့ရပါမည်။ ယင်းသို့ စစ်ဆေးမေးမြန်းချက်များမှ ပေါ်ပေါက်သည့် သက်သေခံအထောက်အထားများအပေါ် အခြေပြု၍ လျှောက်လဲချက် ရေးသားရမည် ဖြစ်ရာ ရှေ့နေတစ်ဦးသည် အမှုတစ်ခု တည်ဆောက်ခြင်း၊ ခုခံချေပခြင်း၊ သက်သေများကို စစ်မေးခြင်း ကိစ္စရပ်များ၌ ကျွမ်းကျင်မှု ရှိရန် လိုအပ်သည်မှာ မြင်သာသော အချက် ဖြစ်သည်။

*လျှောက်လဲချက် တင်သွင်းခြင်း* မှ

mgyoe.com

mgyoe.com

SAMPLE BOOK

WISDOM HOUSE
စာအုပ် ၁၅၄

# ရှေ့နေပညာ

## အသုံးချမှတ်စုများ

## ADVOCACY

## (APPLIED NOTES)

ဦးမြင့်ဝင်း (ရွှေဘို)

WISDOM HOUSE
☎ ၀၁-၅၄၅၀၃၆၆၊ ၀၉-၅၀၅-၈၅၃၃၃၊ ၀၉-၄၃၀-၄၁၈၅၇။
wisdomhouse.mm@gmail.com

mgyoe.com

mgyoe.com SAMPLE BOOK

| | |
|---|---|
| ပထမအကြိမ် | အောက်တိုဘာလ၊ ၂၀၁၅ ခုနှစ်။ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင်<br>Wisdom House စာအုပ်တိုက် (မြ - ၀၀၄၇၁)<br>အခန်း ၁၀၁၊ တိုက် ၁၁၉၁-၁၁၉၂၊<br>လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးတင်အောင်ကျော်<br>စွယ်တော်ပုံနှိပ်တိုက် (မြ - ၀၀၄၁၁)၊<br>အမှတ် ၁၄၇၊ ၅၁-လမ်း (အထက်)၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | Wisdom House Team |
| အတွင်းအပြင်အဆင် | H. Lwin |
| တန်ဖိုး | ကျပ် ၈၃၆၀ ကျပ် ၈၀၀၀ |

၃၄၀

မြင့်ဝင်း၊ ဦး (ရွှေဘို)

ရွှေနေပညာ (အသုံးချမှတ်စုများ) / ဦးမြင့်ဝင်း (ရွှေဘို)

- ရန်ကုန်၊ Wisdom House စာအုပ်တိုက်၊ ၂၀၁၅။

၁၆၅- စ၊ ၁၃ × ၂၀. ၅ စင်တီ။

(၁) ရွှေနေပညာ (အသုံးချမှတ်စုများ)

mgyoe.com

mgyoe.com SAMPLE BOOK

# ဦးမြင့်ဝင်း (ရွှေဘို)

အဖ ဦးတင်၊ အမိ ဒေါ်လေးရှိန်တို့မှ ၁၉၅၂ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဇီးတောကျေးရွာ၌ မွေးဖွားသည်။ ၁၉၆၈-၁၉၆၉ ခုနှစ်တွင် ရွှေဘိုမြို့ အမှတ် (၂) အစိုးရအထက်တန်းကျောင်းမှ ဒသမတန်း အောင်မြင်သည်။ ၁၉၇၃-၁၉၇၄ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဝိဇ္ဇာဘွဲ့ ရရှိသည်။

၁၉၇၅ ခုနှစ်တွင် ရွှေဘိုမြို့၌ အထက်တန်းရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်သည်။ ၁၉၇၆ ခုနှစ်တွင် ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ ဗဟိုဥပဒေရုံး၌ ဥပဒေဝန်ထမ်း အဆင့် (၄) အဖြစ် စတင်တာဝန်ထမ်းဆောင်သည်။ ထို့နောက် ကသာခရိုင်နှင့် ရွှေဘိုခရိုင်တို့တွင် မြို့နယ်ဥပဒေအရာရှိအဖြစ် လည်းကောင်း၊ မကွေးတိုင်းဥပဒေရုံး၊ ဗဟိုဝန်ထမ်းတက္ကသိုလ် ဖောင်ကြီး (ကထိက-ဥပဒေပညာဌာနမှူး)၊ စစ်ကိုင်းတိုင်း ဥပဒေရုံးတို့တွင် လက်ထောက် တိုင်းဥပဒေအရာရှိအဖြစ် လည်းကောင်း၊ ဟင်္သာတခရိုင်၊ မန္တလေးခရိုင်နှင့် လားရှိုးခရိုင်တို့တွင် ခရိုင်ဥပဒေအရာရှိအဖြစ် လည်းကောင်း၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပြည်နယ်/တိုင်းဒေသကြီး ဥပဒေအရာရှိအဖြစ် လည်းကောင်း၊ ရှေ့နေချုပ်ရုံးတွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ် (တာဝန်) အဖြစ် လည်းကောင်း အဆင့်ဆင့် တာဝန် ထမ်းဆောင်ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

၂၀၁၂ ခုနှစ်တွင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူကာ မန္တလေးမြို့၌ တရားလွှတ်တော်ရှေ့နေအဖြစ် လိုက်ပါ ဆောင်ရွက်သည်။

၂၀၁၃ ခုနှစ်တွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေခုံရုံး အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။

၁၉၇၆ ခုနှစ်တွင် ဒေါ်ယဉ်မင်းဆွေနှင့် အိမ်ထောင်ပြုပြီး သားကြီး ကိုနေခြည်ဝင်း၊ သမီးကြီး မဆည်းဆာဝင်း၊ သားငယ် ကိုသော်တာဝင်းနှင့် သမီးငယ် မနှင်းရည်ဝင်း ဟူ၍ သားသမီး လေးဦး ထွန်းကားသည်။

အမည်ရင်း ဦးမြင့်ဝင်း ဖြစ်သည်။

ရှေ့နေပညာနိဒါန်းနှင့် စာချုန်တော် (အခြေခံနှင့်လက်တွေ့) စာအုပ်များကို ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | |
|---|---|
| ❑ မိတ်ဆက်ဂါရဝ | က |
| ❑ ရှေ့ဦးစကား | ၁ |
| ၁။ အောင်မြင်မှုအတွက် အရင်းအနှီးများ | ၅ |
| ၂။ ဥပဒေ၏ သဘာဝ | ၂၇ |
| ◆ ပြဋ္ဌာန်းဥပဒေ | ၂၉ |
| ◆ ရာဇဝတ် တရားစီရင်ရေး အခြေခံ ဥပဒေသများ | ၄၆ |
| ◆ တရားစီရင်ရေးဆိုင်ရာ ဥပဒေ ဆိုရိုးစကားများ | ၅၂ |
| ၃။ တရားခွင်သို့ | ၆၇ |
| ◆ သက်သေ | ၆၉ |
| ◆ အထူးအခွင့်အရေး | ၇၇ |
| ◆ စစ်မေးခြင်းမှတ်စု | ၈၀ |
| ◆ နည်းစနစ်မှတ်စု | ၈၅ |
| ၄။ အမှုစစ်ဆေးခြင်း နမူနာများ | ၁၀၃ |
| ၅။ လျှောက်လဲချက် တင်သွင်းခြင်း | ၁၄၃ |
| ◆ ပညာရှင်များ၏ မှတ်စုများ | ၁၄၅ |
| ❑ နိဂုံးစကား | ၁၈၅ |
| ❑ မှီငြမ်းကိုးကားသောစာအုပ်များ | ၁၈၉ |
| ❑ နောက်ဆက်တွဲ | |
| ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေ | ၁၉၀ |


mgyoe.com

mgyoe.com SAMPLE BOOK

# မိတ်ဆက်ဂါရဝ

၁၉၉၀ ပြည့်နှစ်ဝန်းကျင်လောက်က ဖြစ်မည် ထင်ပါသည်။ အသက် သုံးဆယ်စွန်းစွန်း လူလတ်ပိုင်းဝင်စ အတွေ့အကြုံလည်း သိပ်မစုံလင်လှသေးချိန်က ကျွန်တော်သည် မြို့ကြီးတစ်မြို့သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ထိုမြို့ကြီးတွင် သူ့သဘာဝအလျောက် ဖြစ်လေ့ရှိသော မှုခင်းများအကြား နိုင်ငံရေးနှင့် ငြိမ်ဝပ်ပိပြားရေး မှုခင်းများက ပါဝင်စီးမိုးနေသော ကာလအချိုးအကွေ့လည်း ဖြစ်နေပါသည်။ သည့်မတိုင်ခင် ကျွန်တော် နေခဲ့ရသည့် မြို့နယ်ကလေးက တစ်နှစ်လုံး နေ၍ တစ်မှုပင် ကောင်းကောင်း ကိုင်တွယ်ခဲ့ရသည်လည်း မဟုတ်ပေရာ ယခုမြို့နယ်တွင် အကြီးအကဲတာဝန်ကို ထမ်းဆောင်လိုက်ရသည့် ကျွန်တော့်အဖို့မှာမူ အတော်ကြီးမားသည့် အပြောင်းအလဲနှင့် တွေ့လိုက်ရသည်ဟု ဆိုနိုင်ချိန်လည်း ဖြစ်ပါသည်။ ဟိုယခင် အလုပ်ဝင်ခါစ ရန်ကုန် ရွှေမြို့တော် မြို့နယ်တစ်ခု၌ ရယူခဲ့ဖူးသော အတွေ့အကြုံ ငွေ့ငွေ့ကလေးများသာ ကျွန်တော့သည်ဟုသာ ဆိုနိုင်ချိန်လည်း ဖြစ်နေပါသည်။

သို့သော်လည်း ကျွန်တော် တာဝန်ယူခဲ့ရသည့် မြို့နယ်တွင် ကျွန်တော့်ထက်အရင် ရောက်နှင့်နေသော တွဲဖက်အရာရှိများ၊ အထူးသဖြင့် ရုံးဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ကူညီဖေးမမှုတို့က ကျွန်တော့်အင်အားများ ဖြစ်ခဲ့ရပါသည်။ သည့်အပြင်မှာ ကျွန်တော်တို့နှင့် တစ်ရုံးတည်း အတူ နေ၍

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့ကို မိဘသဖွယ် ကြည့်ရှုစောင့်ရှောက်ပေးသည့် အပြင် မှားယွင်းနိုင်၊ တိမ်းစောင်းနိုင်သည်များကို ရှေ့မှ မားမား မတ်မတ် ရပ်တည်ပေးခဲ့ကြပါသော ဆရာများ၏ ကျေးဇူးအနန္တ မှာလည်း ယခုတိုင် တွေးလိုက်တိုင်း ရင်မှာ နွေးထွေးသွားရသည် ပင် ဖြစ်ပါ၏။

ထိုကာလအတွင်း ကျွန်တော်၏ အမှတ်တရ ကျေးဇူးရှင် ဆရာများထဲတွင် တိုင်းဥပဒေအရာရှိ ဦးရွှန်းရှိထန်း၊ ဒုတိယ တိုင်းဥပဒေအရာရှိများ ဖြစ်ကြသော ဆရာဦးသိန်းရွှေနှင့် ဆရာဦးကံမြင့်၊ လက်ထောက် တိုင်းဥပဒေအရာရှိ အစ်မကြီး ဒေါ်မိမိရိုတို့နှင့်အတူ ယခုစာအုပ် ရေးသားသူ ဆရာဦးမြင့်ဝင်း (ရွှေဘို) လည်း ပါဝင်ပါသည်။ ဆရာက ဒုတိယ တိုင်းဥပဒေ အရာရှိအနေဖြင့် ကျွန်တော်တို့ ရှေ့တန်းတိုက်စစ်မှုတွေ ကိုင် တွယ် ဆောင်ရွက်ခဲ့သမျှကို နောက်ကွယ်မှ ကြီးကြပ်ဝေဖန် တည့်မတ်ပေးသည်။ ကိုယ့်တစ်ဦးတည်းဉာဏ်ဖြင့် ဆုံးဖြတ် ဝေ ဖန်ရန် ခက်ခဲသမျှ ကိစ္စတိုင်းကို ဆရာ့ဆီသာ အပြေးသွား တင်ပြလိုက်၊ စိတ်အေးစရာ အဖြေ တစ်ခုခုတော့ ရခဲ့သည် ချည်း။ ဆရာ့ထံမှာ ကျွန်တော် အနှစ်သက်ဆုံး အရည်အသွေး ကတော့ သူ့ပညာနှင့် သူ့စေတနာကို တန်ဖိုးသင့် ချိန်စက် ကြည့်ရန်ပင် ရည်ရွယ်ဟန် မတွေ့ရခြင်း ဖြစ်ပါ၏။ ထိုစဉ်က ကျွန်တော်တို့မြို့နယ်ရုံးကလေး၏ တည်ငြိမ်အေးချမ်းမှု ဟန် ချက်ကို ထောက်ကူ ထိန်းမိုးပေးလေသော ဆရာ့ကျေးဇူးနှင့် ပညာ အမွေ မျှဝေပေးခဲ့မှုက ကျွန်တော်တို့အချင်းချင်းကြားမှာပင် ပြန်ပြောတိုင်း ပီတိဝေခဲ့ရပါ၏။

သို့သော်လည်း ကံအလှည့်အပြောင်းအရ တစ်နှစ်လောက် ပင် မကြာမီ ဆရာက တစ်နေရာ ရွှေ့ရလေရာ ကျွန်တော်တို့ အစုအသိုက်မှာလည်း မကြာမြင့်မီမှာပင် ကမ်းနားသစ်ပင်ထုံးစံ လိုက်ရပြန်ပါချေသည်။ နောက်ထပ် အနှစ်နှစ်ဆယ်နီးပါး အကြာတွင်မှ ကျွန်တော်တို့ ခင်တွယ်ရသော ဆရာနှင့် ပြန်ဆုံရ ပြန်တာကိုလည်း အံသည် ကံ ဆိုတာကိုပင် ကျေးဇူးတင်ရပါ ဦးမည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာက ရှေ့နေချုပ်ရုံးမှာ ညွှန်ကြားရေးမှူးချုပ် (တာဝန်) ယူရချိန်တွင် ကျွန်တော်ကလည်း ကျွန်တော်တို့ ဝန်ကြီးဌာနမှ ကိုင်တွယ်ရသော ခေါင်းခဲစရာ ကိစ္စတချို့ကြောင့် ဆရာ့ထံမှ ပညာယူခွင့် ရခဲ့ပြန်ပါသည်။ အဲသည် နှစ်ပေါင်း နှစ်ဆယ် နီးနီးအတွင်း ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ် သိပ် ပြောင်းလဲသွားသည် မထင်ပါ။ ဆရာကတော့ ပြင်ပသဏ္ဌာန် သိပ် မသိသာလှသော်လည်း ဥပဒေပိုင်းဆိုင်ရာ ကောက်ယူ ဆင်ခြင် တွေးဆမှုတွင် ကျွန်တော့်အတွက် ပိုမို ရင့်ကျက် ခိုင်ခံ့သည့် မဏ္ဍိုင်ကြီးသဖွယ် ဖြစ်လာပါသည်။ ဆရာ့ကို ကျွန်တော် သိလိုသမျှ မေးရင်း ဆရာ့ပညာ အတိမ်အနက်ကိုလည်း ပိုမို တူးဆွ ဖော်ထုတ်ချင်လာသည်လည်း ဖြစ်ရာ ဆရာ သိထား၊ ဖတ်ထားသည်များကို မျှဝေပေးပါရန် နားပူပါတော့သည်။

ဆရာကလည်း လုံးဝ မငြင်းသည့်အပြင် သူလည်း ဆန္ဒရှိနေသည် ဆိုသောအခါ ကျွန်တော် အတိုင်းထက်အလွန် ပျော်ရွှင်သွားရပါသည်။ ဤသို့ဖြင့် အငြိမ်းစား ယူပြီးနောက်ပိုင်းတွင် 'ရှေ့နေပညာနိဒါန်း'နှင့် 'စာချွန်တော်အခြေခံနှင့် လက်တွေ့' စာအုပ်များ ဆက်တိုက်လိုလို ထွက်ရှိလာသည်ကိုမူ စာရှုသူများလည်း သိပြီး ဖြစ်ပါလိမ့်မည်။

အထက်ပါစာအုပ်များ ထွက်ရှိစဉ်က စာရှုသူများထံ ဆရာ့ကို အထူးမိတ်ဆက်ပေးစရာ လိုမည် မထင်၍လည်း ကျွန်တော့်အမှာစာ ရေးသားရန် စိတ်ကူး တစ်စုံတစ်ရာ မရခဲ့ပါ။ ဆရာ့အရေးအသားနှင့် ဆရာ့စေတနာမှာလည်း ထင်ရှားပေါ်လွင်ပြီး ဖြစ်သည်ဟု ယူဆ၍လည်း ဖြစ်ပါသည်။

ယခုစာအုပ်မှာ ဆရာ၏ ပထမဦးဆုံး စာအုပ် 'ရှေ့နေပညာနိဒါန်း'၏ အဆက်ဟု ဆိုနိုင်ပါသည်။ ပထမစာအုပ်တွင် ရှေ့နေလုပ်ငန်းစဉ်၏ အခြေခံ သဘောသဘာဝနှင့် အမှု စစ်မေးနည်းများဖြင့် အစပျိုးသည်။ ယခုစာအုပ်တွင်မူ သည့်ထက် အဆင့်မြင့်လာသော သဘောတရားများနှင့် ဆရာ အရှိန်တင်လိုက်သည်ကို တွေ့ရပါမည်။ ယခု စာအုပ်တွင် ပြဋ္ဌာန်းဥပဒေ၏ သဘာဝနှင့် ၁၉၇၃ ခုနှစ် ယေဘုယျ စကားရပ်များ အနက်

mgyoe.com

mgyoe.com SAMPLE BOOK

အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေတို့ကို သီးသန့် ထည့်သွင်းလာသည်ကို တွေ့ရပါမည်။ ဥပဒေပညာရှင် ဖြစ်စေ၊ ရှေ့နေ ဖြစ်စေ မည်သို့မျှ ကင်းလွတ်၍ မရသည်မှာ ဥပဒေပြဋ္ဌာန်းခြင်းကိစ္စပင် ဖြစ်၏။ ယခုကဲ့သို့ ပြည်သူ့ကိုယ်စားလှယ်များက ဥပဒေပြုရေးတာဝန်ကို ကိုယ်တိုင်ကိုယ်ကျ ထမ်းဆောင်လာရချိန်တွင် ပို၍ ဝန်တာရှိလာ၊ ဆိုရေးရှိလာရပါတော့သည်။ ဆရာက သည်အရေးကိစ္စအပေါ်တွင် နက်နက်နဲနဲ လေ့လာနိုက်ထုတ်၍ ရေးသားတင်ပြထားသည် ဖြစ်ရာ ကျွန်တော်လည်း တစ်ခေါက်နှင့် သဘောမပေါက်ချင်၊ နောက်ထပ် အကြိမ်ကြိမ် ဖတ်သည့်အခါ သဘောပေါက်ရုံမက သဘောတွေ့လာသည်တွင် ယခုစာ ရေးရန် စိတ်ကူး ပေါ်လာခြင်း ဖြစ်ပါသည်။

ယနေ့တွင် ရှေ့နေရှေ့ရပ်တာဝန်များမှာ အမှုလိုက်ရန် သက်သက်မျှ မဟုတ်မူဘဲ ဥပဒေပြဋ္ဌာန်းရေး၌ ပါဝင် အားဖြည့်ကြရသည်လည်း ရှိမည် ဖြစ်ရာ ဤအတွက် တစ်အား ဖြစ်ပါလိမ့်မည်ဟု ကိုယ်တွေ့ဖြင့် ညွှန်းဆိုအပ်ပါသည်။ ကျန်သည့်အပိုင်းများမှာမူ အချိုပေါ် သကာလောင်းစရာ မလိုတော့ပါ။ သို့ပါ၍ အင်္ဂလန်နိုင်ငံ၏ ရှေ့နေချုပ်တာဝန် ယူခဲ့ဖူးသူ ဒဿနဆရာ၊ သိပ္ပံပညာရှင်နှင့် စာရေးဆရာ ဖရန်စစ် ဘေကွန် (၁၅၆၁-၁၆၂၆) ၏ ဥပဒေပြုရေးဆိုင်ရာ အဆိုအမိန့်တစ်ရပ်အား မျှဝေခြင်းဖြင့် နိဂုံးချုပ်ခွင့်ပြုစေလိုပါသည်။

ထို ဥပဒေတစ်ရပ်သည် -

- အဓိပ္ပာယ်မှာလည်း ရှင်းလင်း ပြတ်သားသည်၊
- အနှစ်သာရသည်လည်း မျှတမှုက စိုးမိုးသည်၊
- အကောင်အထည် ဖော်ရန်လည်း ချောမွေ့ လွယ်ကူသည်၊
- အစိုးရ၏ဖွဲ့စည်းပုံနှင့်လည်း လိုက်လျောညီထွေသည်၊
- ထိုဥပဒေ၏ အရိပ်အောက်တွင် နေထိုင်မည့်သူများ၏ ကောင်းကျိုးချမ်းသာကိုလည်း ပေးဝေမည် ဆိုပါလျှင်

ထိုဥပဒေအား အမှန်ပင် ပြဋ္ဌာန်းသင့်ပေသည်။

ကြည်ရွှန်း

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ရှေးဦးစကား

ကျွန်ုပ်တို့ ဥပဒေပညာ စာသင်သားဘဝက ကျောင်းတွင် ပဋိညာဉ် အက်ဥပဒေ၊ ကုန်ရောင်း အက်ဥပဒေ၊ အစုစပ် အက်ဥပဒေ၊ ကုမ္ပဏီများ အက်ဥပဒေ စသည်ဖြင့် ကူးသန်း ရောင်း ဝယ်ရေး ဥပဒေများကို သင်ကြားကြရပါသည်။ ခေတ်ကာလ အခြေအနေအရ လက်တွေ့ဆင်းကြည့်စရာ ဘာမျှ မရှိသည့် ဥပဒေများ ဖြစ်သည့်အပြင် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ ဝေါဟာရများ ဖြစ်နေ၍ စာမေးပွဲ အောင်ရန်ပင် အလွန်ကြိုး စား မှတ်သားရပါသည်။

ဆရာကြီး ဦးအောင်ရှိန်ဝန်က "မောင်တို့ နားလည်အောင် ကြိုးစားကြ၊ စာမေးပွဲ အောင်ဖို့ ဆိုတာက လွယ်ပါတယ်၊ ဒီ ဥပဒေတွေကို မင်းတို့ နားလည်ထားကြမှ လူရာဝင်မယ်" ဟု အထပ်ထပ် ပြောပြီး သင်ပါသည်။ ဆရာဦးခိုင်ကလည်း ကူး သန်းရောင်းဝယ်မှု၏ အခြေခံ ဖြစ်သော ပဋိညာဉ် ဥပဒေကို နားရည်ဝအောင် တတွတ်တွတ် ရွတ်၍ ရှင်းပြပါသည်။ ကျွန်ုပ် တို့ကား စာမေးပွဲတွင် Grade 4 ရရန်မှတစ်ပါး မကြိုးစားနိုင်ခဲ့၊ ကြိုးစားရန်လည်း စိတ်အားထက်သန်မှု မရှိခဲ့ပါ။

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်၏ မူဝါဒ အပြောင်းအလဲ ကြီး၌ လိုက်ပါစီးမျောပြီး ကူးသန်းရောင်းဝယ်ရေးလောကအား ဖြုန်းခနဲ ရင်ဆိုင်တိုးလိုက်မိသည့်အခါ ကိုယ့်ကိုယ်ကိုယ် ဘာမျှ မသိသေးပါတကားဟု အဖြေကို ပုစ္ဆာမတွက်ရဘဲ သိလိုက်ရပါ



mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ဆရာကြီးများ၏ မေတ္တာစကားများကို ပြန်လည်သတိရပါသော်လည်း ဆရာကြီးများ ပို့ချခဲ့သော မှတ်စုမှတ်တမ်းများ မရှိတော့ပြီ။ စာတွေ့သဘောကို ကြားနာ မှတ်သားခဲ့ရသည့် ပညာရပ်များသည်ကား ရေပေါ် ဆွဲသည့် ပန်းချီကားသဖွယ်သာ ရှိပါတော့သည်။ ဥပဒေပညာဖြင့် အသက်မွေးနေရသူ မိမိ၏ ရုတ်တရက် ကြုံလိုက်ရသော အတွေ့အကြုံ ဖြစ်ပါသည်။ စာအုပ်စာတမ်းများကြားထဲတွင် အိပ်ပျော်နေခဲ့သော ဥပဒေ စကားလုံးများကို မိမိ၏ အသိဉာဏ်မှတစ်ဆင့် အလုပ်ခွင်ထဲသို့ အရောက်ပို့နိုင်အောင် တတိယအရွယ် ရောက်ခါမှ မဖြစ်မနေ ကြိုးစားရပါတော့သည်။

ဤသို့ နယ်ပယ်သစ်ကို လက်လှမ်းမီသမျှ ကြိုးပမ်းလေ့လာသည့် ဖြစ်စဉ်တိုင်းတွင် မိမိ ကူးခပ် ဖြတ်သန်းဆဲ နယ်ပယ်ဟောင်းရှိ အသုံးချပညာရပ် ဖြစ်သော ရှေ့နေပညာနယ်ပယ်ကို နေရာတိုင်းတွင် တွေ့နေရပါသည်။ မရှောင်နိုင်အောင် ကျင့်သုံးနေရသည့် ဤပညာနယ်ပယ်သည် စာဖြင့် သင်ကြား ပို့ချ၍လည်း မဖြစ်နိုင်၊ ပုံသေကားကျ သတ်မှတ်ထားသည့် ပုံသေနည်းစနစ် ဟူ၍လည်း မရှိ။ အနှစ် ၄၀ အတွေ့အကြုံဖြင့် အမှုလိုက်နေသော်လည်း မအောင်မြင်သူများ ရှိသကဲ့သို့ လိုင်စင် ရပြီးရက် ၄၀ လောက်နှင့် အောင်အောင်မြင်မြင် လူရာဝင်လာသော ရှေ့နေများလည်း တွေ့နေရပြန်သည်။ သို့ရာတွင် ရှေ့နေလောကတွင် 'ကံ'ကြောင့် အောင်မြင်သူ ဟူ၍ မရှိပါ။

သို့ဖြစ်လျှင် မည်သို့သော အကြောင်းတရားကြောင့် ဤသို့သော အောင်မြင်မှု အကျိုးတရားကို ရရှိကြပါသနည်း။ ဤခေါင်းစဉ်သည် ဥပဒေပညာ လေ့လာရေးနယ်ပယ်တွင် ကျွန်ုပ်အဖို့ အစဉ်ယှဉ်တွဲ လေ့လာနေသော ခေါင်းစဉ် ဖြစ်ပါသည်။ ဤအခါတွင် အောင်မြင်ခဲ့သူများ၏ ရေးသားချက်များ၊ မှာကြားချက်များ၊ အဆိုအမိန့်များမှာ ရှေ့နေတစ်ဦးအတွက် အောင်မြင်ရေး လမ်းညွှန်များအဖြစ် မြင်တွေ့လာရပါသည်။

နိုင်ငံတစ်နိုင်ငံတွင် တရားဥပဒေ စိုးမိုးရေး၊ တစ်နည်းအားဖြင့် တရားဥပဒေနှင့်အညီ ဖွံ့ဖြိုး တိုးတက်ရေး ဆိုသည်မှာ



mgyoe.com

mgyoe.com
SAMPLE BOOK

ဥပဒေ ပညာရှင်များ၏ အခန်းကဏ္ဍာ မပါမဖြစ် ပါရပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတွင် ဥပဒေ ပညာရှင်များသည် ယခင်က တရားစီရင်ရေးနယ်ပယ်တွင်သာ ရပ်တည်နေခဲ့ကြရာမှ ယခုအခါ ဥပဒေပြုရေးတွင် လည်းကောင်း၊ အုပ်ချုပ်ရေးတွင် လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာကြရပြီ ဖြစ်ပါသည်။ တစ်ဆစ်ချိုး ပြောင်းလဲလိုက်သည့် ခေတ်ပြင်ရေလှိုင်းကြီး ဖြစ်ပါသည်။ ဤရေလှိုင်းကို မည်သူမျှ ရှောင်တိမ်းလို့ မရပါ။ ကျွမ်းကျင်သည် ဖြစ်စေ၊ မကျွမ်းကျင်သည် ဖြစ်စေ ကျရာနေရာမှ မိမိအတွက်၊ မိမိပတ်ဝန်းကျင်အတွက်၊ မိမိနိုင်ငံအတွက် ထမ်းရွက်ကြရပါတော့သည်။

ဥပဒေပညာရှင်၊ ရှေ့နေရှေ့ရပ် စွမ်းဆောင်ရည် ကောင်းလျှင် ကောင်းသည့်အလျောက် ယင်းဆောင်ရွက်ရသည့် အလုပ်၏ အရည်အသွေး တောက်ပြောင်ပါသည်။ ပြောင်းလဲမှု အရှိန်အဟုန်၏ ရေလှိုင်းသည် အချိန်ကို မစောင့်နိုင်ပါ။ ရုတ်တရက်ကြီးထွားလာသည့် ဥပဒေလုပ်ငန်းခွင်နယ်ပယ်တွင် အသုံးချရန် ကျွမ်းကျင်သူ ရှာဖွေရာ၌ ကောင်း မကောင်း၊ သင့် မသင့် ရွေးချယ်နိုင်ရန် အချိန်မရှိ။ နီးစပ်ရာ သင့်လျော်မည် ထင်ရသော ဥပဒေပညာရှင်၊ ရှေ့နေရှေ့ရပ်များထံ ချဉ်းကပ်ဆောင်ရွက်ကြရတော့သည်။ မိမိဘက်က အဆင်သင့် ဖြစ်ပါပြီလား။

'ရှေ့နေပညာနိဒါန်း'ကို ပြုစု ထုတ်ဝေစဉ်က သက်သေခံအက်ဥပဒေ အကျယ်ဖွင့်ဆိုချက်များမှ တွေ့ရှိရသော ရှေ့နေပညာရပ်များကို ထုတ်နုတ်ပြန်ဆိုနိုင်ခဲ့ပါသည်။ အကျယ် ဖတ်ရှုနိုင်ရန် လှည့်လည်စူးစမ်း ရှာဖွေသည့်အခါ ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဖြစ်သည့် ရှေ့နေလုပ်သက် နှစ်ပေါင်း ၅၀ ကျော်ခဲ့ပြီ ဖြစ်သော တရားလွှတ်တော်ရှေ့နေကြီး ဦးမြသိန်းက ယင်း၏ နှစ်ပေါင်း များစွာ တွေ့ကြုံခဲ့ရသော အတွေ့အကြုံ ဗဟုသုတများနှင့်အတူ စာအုပ်စာတမ်းများပါ အကူအညီပေးခဲ့ပါသည်။

ယခု 'ရှေ့နေပညာ (အသုံးချမှတ်စု)' စာအုပ်သည် ခုံရုံးအဖွဲ့ဝင် ဦးမြသိန်း၏ မေတ္တာဖြင့် လက်ဆင့်ကမ်းပေးသော



mgyoe.com

mgyoe.com
SAMPLE BOOK

Advocacy (by R.K. Soonavala) စာအုပ်မှ မိမိတို့ တရားစီရင်ရေးစနစ်နှင့် အသုံးတည့်သမျှ အချက်အလက်၊ အမှုအခင်း စစ်မေးပုံများကို အခြေပြု တင်ပြထားပါသည်။ ထိုစာအုပ်တွင် ရှေ့နေရှေ့ရပ် ပညာကို Noble Profession (အကျင့်သိက္ခာနှင့် ပြည့်စုံသော ပညာ) ဟူ၍ အမြတ်တနိုး အမွန်အမြတ်ထားကာ ကျင့်သုံးခဲ့ကြသော ရှေးလူကြီးများ၏ ဆုံးမ သွန်သင်ချက်များ ပါဝင်ပါသည်။ ထိုစာအုပ်ကို သဘောကျသည့်အတွက် ကောင်းနိုးရာရာကို မှတ်စု ထုတ်နုတ်ကာ မိမိ၏အတွေ့အကြုံများဖြင့် ယှဉ်တွဲ၍ ပြုစုထားခြင်း ဖြစ်ပါသည်။ အထက်ပါ စာအုပ်ကို မေတ္တာဖြင့် ငှားရမ်းဖတ်ရှု လေ့လာခွင့်ပေးသော ဆရာကြီးဦးမြသိန်းအား ကျေးဇူးတင်ရပါကြောင်း ဤနေရာတွင် အလေးအနက် စကားဆိုအပ်ပါသည်။

တက္ကသိုလ် ဥပဒေပညာဌာန စာသင်သား ဘဝတွင် Jurisprudence ဆိုသော ဘာသာရပ်ကို သင်ရပါသည်။ အဆိုအမိန့်များ၊ သီဝရီများဖြင့် အလွန်လေးလံသော ဘာသာရပ်ဟု ထင်ခဲ့ပါသည်။ လုပ်သက် ၁၀ နှစ် ကျော်လာသည့်အချိန် ထိုလေးလံသော အစိုင်အခဲကြီးများသည် အလုပ်ခွင်တွင် ကျွန်ုပ်တို့၏ ပြဿနာများကို ဖြေရှင်းပေးရန် ငုတ်တုတ်ထိုင်စောင့်နေသည်ကို တွေ့လိုက်ရပါသည်။ သင်ရိုးညွှန်းတမ်း ရေးဆွဲခဲ့သူ ပါမောက္ခကြီး၏ အမြင်ကို တအံ့တဩ လေးစားမိပါသည်။

Jurisprudence ပါ သီဝရီများနှင့် ယှဉ်၍ အသုံးတည့်လှသော အစိုင်အခဲများ ရှိပါသေးသည်။ ယင်းတို့မှာ သဘောတရားများ၊ ဆိုရိုးစကားများ (Principles, Maxims) ပင် ဖြစ်ပါသည်။ ဤစာအုပ်တွင် ယင်းတို့အား မိတ်ဆက်အဖြစ် တင်ပြထားပါသည်။ အမှုအခင်းများကို ကိုင်တွယ်ဖြေရှင်းကြရာတွင် စဉ်းစားဆင်ခြင်သည့်နယ်ပယ်ကို ချဲ့ထွင်စေနိုင်သည်ဟု ယူဆပါ၍ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဦးမြင့်ဝင်း (ရွှေဘို)

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၁)

# အောင်မြင်မှုအတွက် အရင်းအနှီးများ

mgyoe.com

mgyoe.com SAMPLE BOOK



အောင်မြင်မှုကို လိုချင်သော ရှေ့နေရှေ့ရပ်တိုင်း၏ မရှိမဖြစ် ကြိုတင် ပိုင်စိုးထားရမည့် အရည်အချင်းတစ်ရပ်မှာ ဥပဒေ၏ ယေဘုယျ အခြေခံသဘောတရားများကို ပိုင်ပိုင်နိုင်နိုင် သိရှိထားခြင်းပင် ဖြစ်သည်။ ရှေ့နေတစ်ဦး၏ အဇ္ဈတ္တစိတ်တွင်းမှာပင် ထိုအခြေခံသဘောတရားများ စိမ့်ဝင်ပျံ့နှံ့နေရန် လိုပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

# အောင်မြင်မှုအတွက် အရင်းအနှီးများ

တက္ကသိုလ်မှ ဥပဒေဝိဇ္ဇာဘွဲ့ ရပြီးပြီ ဖြစ်၍ ရှေ့နေလုပ်ငန်းခွင်တွင် အမှုအခင်းများကို အောင်အောင်မြင်မြင် တဝကြီး ကိုင်တွယ် ဆောင်ရွက်ရတော့မည်ဟု မှတ်ထားမိပါလျှင် ကျောက်တုံးမှ ပျားရည် ရနိုးနိုး မျှော်လင့်သည်နှင့် တူပါလိမ့်မည်။ ဘွဲ့ရပြီး၍ ရှေ့နေအဖြစ် အမှန်တကယ် လိုက်ပါ ဆောင်ရွက်နေသူများပင်လျှင် အများဆုံး ၁၅ ဦးလျှင် တစ်ဦးသာ အောင်အောင်မြင်မြင် ရပ်တည်နိုင်သည်ဟု ဆိုကြပါသည်။

ဥပဒေပညာ ဗဟုသုတ ကြွယ်ဝခြင်းသည် ရှေ့နေလုပ်ငန်း အောင်မြင်စေရန် အာမခံချက် မပေးနိုင်ပါ။ ကျင့်ထုံးဥပဒေသများကို ခြေခြေမြစ်မြစ် ဆုပ်ကိုင် တတ်ကျွမ်းမှုသည် အမှုတစ်မှုတလေ အောင်မြင်ရေးကို အထောက်အကူပြုကောင်း ပြုပါလိမ့်မည်။ သို့ရာတွင် ယင်းအောင်မြင်မှုသည် အမှုသည်ထု တစ်ရပ်လုံးအား ဆွဲဆောင်နိုင်စွမ်း ရှိသော အောင်မြင်မှု ဖြစ်ပြီလား ဆိုသည်ကို ဆန်းစစ်ရန် လိုပါလိမ့်မည်။ တစ်ခုသေချာသည်ကား ဥပဒေပညာရပ် ဗဟုသုတသက်သက်ဖြင့် အောင်မြင်သည့် ရှေ့နေတစ်ဦးအဖြစ်သို့ မွေးဖွားပေးနိုင်သည်ကား မဟုတ်ပါချေ။

### ဥပဒေပညာ အရည်အချင်း

အားလုံးလိုလို သိနေကြသော်လည်း သတိမထားမိသော အချက်တစ်ရပ် ရှိပါသည်။ အမှုတွေ တစ်ထွေးတစ်ပိုက်ကြီးနှင့် အောင်အောင်မြင်မြင်

mgyoe.com

mgyoe.com
SAMPLE BOOK

 လျှောက်လှမ်းနေကြသော ရှေ့နေရှေ့ရပ်ကြီးများသည် တက္ကသိုလ် ဥပဒေကျောင်းသားဘဝတုန်းက ပထမတန်းစား ပညာထူးချွန်သူများ မဟုတ်ကြပါ။

အမှုသည်များသည် သူတို့ ရှေ့နေ၏ ကျောင်းတုန်းက ပညာရည် ထူးချွန်မှု အရည်အသွေးကို အဓိက စိတ်ဝင်စားသည် မဟုတ်။ မည်သည့် ဘွဲ့ထူး ဂုဏ်ထူးများ ရရှိခဲ့သည်ကိုလည်း စိတ်မဝင်စားပါ။ မည်သည့် မှုခင်းများတွင် မည်သို့ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကိုသာ စိတ်ဝင်စားပါသည်။

## ကံ

တချို့က ပြောကြပါလိမ့်မည်။ ကံအခွင့်အလမ်းသင့်၍ အောင်မြင်သော ရှေ့နေအဖြစ် ရောက်ရှိခဲ့ရသည်ဟု။ ထိုစကားကို လုံးဝ မယုံကြည်သင့် ပါ။ ရှေ့နေလုပ်ငန်းခွင်တွင် ကံစမ်းမဲသဘော အသက်မွေး၍ မရပါ။ အစဉ် နိုးကြားနေသော စိတ်ဓာတ်ဖြင့် ပြင်းပြင်းထန်ထန် လေ့လာနေရ ပါသည်။ မည်သည့်မှုခင်းမျိုးမဆို သူ့နေရာနှင့်သူ အခက်အခဲများ ဖြတ် ကျော်ရသည်ချည်း ဖြစ်ရာ ချောမွေ့စွာ အောင်မြင်ရေး ဆိုသည်မှာ ပြင်းပြင်းထန်ထန် လေ့လာ သင်ယူထားသော အတတ်ပညာမှသာ ရ နိုင်ပါသည်။ ကံကို ယိုးမယ်ဖွဲ့ကာ အမှု လိုက်ပါ ဆောင်ရွက်နိုင်သည် မဟုတ်ပါ။

အမေရိကန်ပြည်ထောင်စုမှ ရာဇဝတ်မှုခင်းများတွင် နာမည်ကြီး သော ရှေ့နေ Mr Samual S Bowitz က မိမိတို့ လုပ်ငန်းအောင်မြင်မှု၏ လျှို့ဝှက်ချက်မှာ အပင်ပန်းခံ ရှာဖွေ လေ့လာခြင်းပင် ဖြစ်သည်၊ အောင် မြင်နေသော ရှေ့နေကြီးများကို ချဉ်းကပ်ပြီး မေးမည် ဆိုပါက အပင်ပန်း ခံပါ၊ လေ့လာဆည်းပူးပါ ဟူသော စကား နှစ်လုံးသာ အကြံပြုပါလိမ့်မည် ဟု ဆိုဖူးပါသည်။

## စာအုပ်

ရှေ့နေ အလုပ်ခွင်သို့ ဝင်ရောက်တော့မည်သူ တစ်ဦးအတွက် အရေး တကြီး စတင်ရမည့် အချက်တစ်ချက်မှာ လုပ်ငန်းခွင်အတွက် မည်သည့်

mgyoe.com

mgyoe.com SAMPLE BOOK

စာအုပ်သည် အသင့်လျော်ဆုံး ဖြစ်သည်ကို ရွေးချယ် ဖတ်ရှုတတ်ခြင်း ဖြစ်ပါသည်။ ယနေ့ စာအုပ် ထုတ်ဝေသည့် နယ်ပယ်တွင် ဥပဒေပညာ စာအုပ်စာတမ်းများမှာ အလွန်အမင်း များပြားသည်ဟု မဆိုနိုင်သေးပါ။

သို့ရာတွင် ဥပဒေပညာ သင်ကြားမှု နယ်ပယ်သည် ရှေးအစဉ် အဆက်ကပင် ရှိခဲ့သည့် နယ်ပယ် ဖြစ်ရာ ခေတ်အဆက်ဆက် ထုတ်ဝေခဲ့ ကြသော ပညာရှင်အသီးသီး၏ ရေးသားချက်များ၊ ပြဋ္ဌာန်းဥပဒေများမှာမူ အလွန် များပြားလှပါသည်။ အကြောင်းခြင်းရာ တစ်ရပ်နှင့် စပ်လျဉ်း၍ ခြေမြစ်ခိုင်မာစွာ အဖြေရှာနိုင်ရန်မှာ လက်ရှိ ပြဋ္ဌာန်းဥပဒေများသာမက ရှေးယခင်က အစဉ်အဆက် လိုက်နာခဲ့ကြသည့် အယူအဆများ၊ ပြဋ္ဌာန်းချက်များကိုပါ သိရှိခြင်းဖြင့် မိမိ၏ ပညာရပ်ဆိုင်ရာ နယ်ပယ်ကို ချဲ့ထွင်ကြရပါသည်။ ယင်းသို့ ချဲ့ထွင်နိုင်ရန် အဓိက အားထားရသည်မှာ စာအုပ်စာတမ်းများပင် ဖြစ်ပါသည်။

ထို့ကြောင့်ပင် အသုံးဝင်မည့်စာအုပ်များ စုဆောင်းရှာဖွေ လေ့လာ တတ်ရန် လိုပါသည်။ အချိန် မလုံလောက်သေး၍ မလေ့လာနိုင်သည် ဆိုစေဦးတော့၊ ကိုယ် လက်လှမ်းတမီတွင် ထိုစာအုပ်များ ရှိနေရပါလိမ့်မည်။ ဥပဒေကျောင်းသားများနှင့် ရှေ့နေရှေ့ရပ်များ၏ အနာဂတ်သည် စာအုပ်စာတမ်းများ ရှာဖွေ စုဆောင်း လေ့လာတတ်ခြင်းဖြင့် ပုံဖော် ဖန်တီးရပါလိမ့်မည်။

ကျောင်းသားဘဝတွင် ဥပဒေ စာအုပ်စာပေများအား လေ့လာရန် စိတ်အားထက်သန်မှုသည် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ရေး ဖြစ်ပြီး ဤသို့ လေ့လာနိုင်ခြင်းဖြင့် နောင် ရှေ့နေရှေ့ရပ် လုပ်မည် ဆိုလျှင် အထောက်အကူပြုလိမ့်မည်ဟု စိတ်ကူးစိတ်သန်း ရှိခဲ့ပါလိမ့်မည်။ သို့ ဖြစ်သည့်တိုင် ထိုစိတ်ကူးစိတ်သန်းမှာ စာမေးပွဲ အောင်မြင်ဖို့လောက် ပဓာန မဟုတ်ခဲ့။ ဥပဒေစာမေးပွဲတွင် ထူးထူးချွန်ချွန် အောင်မြင်ခဲ့လျှင် ရှေ့နေလုပ်ငန်းမှာလည်း အောင်မြင်မည်ဟု သာမန်ထားရှိခဲ့သော စိတ်ကူးမျိုးသာ ဖြစ်ပါလိမ့်မည်။ စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်တိုင်း ရှေ့နေဘဝတွင် အောင်မြင်သည်ဟု အယူအဆ ဖြစ်နေပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဥပဒေပညာ ဆိုသည်မှာ စနစ်တကျ ခွဲခြမ်းစိပ်ဖြာ လေ့လာရသော ပညာရပ် ဖြစ်ပါသည်။ ပြဋ္ဌာန်းချက်တွင် ပါရှိသော စကားလုံးတိုင်းသည် အာနိသင် (authenticity) ရှိသည်ချည်း ဖြစ်ရာ စကားလုံး တစ်လုံး တလေအား ချန်ထား၍ မရပါ။ ပြဋ္ဌာန်းချက်နှင့် စပ်လျဉ်းသည့် တရားစီရင် ဆုံးဖြတ်ခဲ့သည် သာဓကများ၊ ပညာရှင်များ၏ အယူအဆများကိုလည်း လေ့လာရပါသည်။

မိမိ၏ ဥပဒေ ဘာသာရပ် သင်ယူမှု အတိုင်းအတာ လုံလောက်ပြီဟု ခံယူမိသည့်အချိန် (ဘွဲ့ရလိုက်ချိန်) တွင် ရှေ့နေအဖြစ် လိုက်ပါ ဆောင်ရွက်ကြရမည့် ရှေ့နေအတတ်အတွက် တရားရုံးတွင် တက်ရောက်၍ လေ့လာဆည်းပူးရသည်။ ရှေ့နေအတတ် သင်ကြားရန် သတ်မှတ်ထားသည့်အတိုင်း တရားခွင် အတွေ့အကြုံများကို ဆည်းပူးကြရသည်။ အလုပ်သင်ရှေ့နေ သင်ကြားခြင်း (chamber reading) ဟု သုံးနှုန်းပါသည်။ ဤနည်းဖြင့် ရှေ့နေလုပ်ငန်း၏ အုတ်မြစ်ချရသည်။ အုတ်မြစ်ခိုင်မာမှုမရှိလျှင် လုပ်ငန်းတွင် အရှက်တကွဲ ဖြစ်သွားနိုင်သည်ကို သတိထားရန် လိုပါသည်။ ကိုယ့်ကိုယ်ကိုယ်လည်း မဝံ့မရဲ ဖြစ်နေပါလိမ့်မည်။

မည်သည့်စာအုပ်များကို ဖတ်ရှုရမည်ကို ကျွမ်းကျင်သူ ဆရာသမားများထံ ချဉ်းကပ် မေးမြန်းရန် လိုပါသည်။ ဖြတ်လမ်းဖြင့် စာမေးပွဲအောင်လာသူများက ခပ်ကြွားကြွားဖြင့် ပြောလာသည့် အကြံဉာဏ်များကို ဖယ်ထားစေလိုပါသည်။ သင်ကြားပေးရသူ ဆရာ (chamber master) ရှေ့နေကြီးများ၏ အလုပ်မှာ မိမိ၏တပည့် အလုပ်သင်ရှေ့နေ၏ ဥပဒေရေးရာ အသိ၊ အတတ်ပညာကို၊ ဆိုင်ရာ ဘာသာရပ်အလိုက် (ဥပမာ - ရာဇဝတ်၊ တရားမ၊ ပဋိညာဉ်၊ လျော်ကြေး၊ အိမ်ထောင်မှု၊ အမွေ၊ ဓလေ့ထုံးစံ) ပိုမို၍ ထဲထဲဝင်ဝင် သိရှိလာစေရန် ဖြစ်ပါသည်။

သင်ယူသူ (reader) များအနေဖြင့် ဤဘာသာရပ်များ၏ အခြေခံသဘောကို ဆုပ်မိကိုင်မိအောင် လေ့လာရန် အခက်အခဲ ရှိနေပါမည်။ ထို့ကြောင့်ပင် ဆရာရှေ့နေကြီးများ၏ သင်ကြားမှု အကူအညီကို ယူရပါမည်။ အားလုံး လေ့လာမိသွားလျှင်မူကား ထိုဥပဒေသများ၏ အခြေခံသဘောကို ဆုပ်မိကိုင်မိ ဖြစ်သွားပါလိမ့်မည်။ ယင်းအခြေခံသဘော

mgyoe.com

mgyoe.com
SAMPLE BOOK

သည်ပင် ဥပဒေ၏တရားကိုယ်သဘော ဖြစ်ပါသည်။ Concept of Law ဟုလည်း သုံးနှုန်းကြပါသည်။ ဤအဆင့်အထိ လေ့လာ သင်ကြားရပါလိမ့်မည်။

## တရားခွင် သို့မဟုတ် အလုပ်ခွင်

အလုပ်သင်ရှေ့နေအဖြစ် တရားခွင်တွင် တက်ရောက်သင်ယူ လေ့လာခြင်းကို ပေါ့ပေါ့ဆဆ မခံယူသင့်ပါ။ ရုံးအရာထမ်းတစ်ဦး ပုံမှန် ရုံးတက်သကဲ့သို့ အလေးအနက်ထားကာ လေးလေးစားစား တက်ရောက်ရန် အရေးကြီးပါသည်။ 'ရှေ့နေတစ်ဦး၏ကမ္ဘာ' ဆိုသည်မှာ တရားခွင် ဖြစ်ပါသည်။ ထိုကမ္ဘာတွင် မိမိ၏ ကျွမ်းကျင်မှု၊ လိမ္မာပါးနပ်မှု၊ ထူးချွန်ထက်မြက်မှု အားလုံးကို သွန်ချ၍ အသက်မွေးဝမ်းကျောင်းပြုရမည် ဖြစ်ရာ အလေးအနက် သဘောထားရှိတတ်ရန် လေ့ကျင့်ယူရပါလိမ့်မည်။ ထိုတရားခွင်သာမက ထိုတရားခွင်၏ ပတ်ဝန်းကျင် အသိုင်းအဝိုင်း အားလုံးနှင့် ဝင်ဆံ့ စိမ့်ဝင်နိုင်စွမ်း ရှိရပါမည်။

သင့်အိမ်တွင် မည်သည့်နေရာ၌ မည်သည့်အရာဝတ္ထု ရှိပြီး မည်သို့အသုံးချလျှင် ရကောင်းသည်ကို သိနေသကဲ့သို့ တရားခွင်နှင့် တရားခွင်ဝန်းကျင်ကို သိရှိ ကျွမ်းဝင်ထားရန် လိုအပ်ပါသည်။

## ရုံးခန်း

ရှေ့နေရုံးခန်းသည် တရားရုံးနှင့် အနီးဝန်းကျင်တွင် ရှိရမည် ဖြစ်သည်။ အမှုအခင်းနှင့် သက်ဆိုင်သူများက တရားရုံးသို့ သွားသည့်လမ်းတွင် ရုံးခန်း ဖွင့်ထားလျှင် ပို၍ကောင်းပါသည်။ ရှေ့နေရုံးခန်းတွင် ချထားသော ထိုင်ခုံ ပရိဘောဂများသည် ထိုရှေ့နေ၏ နေထိုင်မှု အဆင့်အတန်းကို ပြသရာရောက်ကြောင်း သတိထားပါ။ ပထမဦးဆုံး လာတွေ့သော အမှုသည်သည် ထိုရှေ့နေ ဝတ်ထားသော အဝတ်အစားများနှင့် ထိုင်အလုပ်လုပ်သော ကုလားထိုင်ကို ကြည့်ကာ အဆုံးအဖြတ်ပြုတတ်ပါသည်။ ပရိဘောဂများကို ထိုက်သင့်သလောက် အကုန်အကျခံကာ အသုံးပြုခြင်းသည် ရလဒ်ကောင်းများ ဖြစ်စေပါလိမ့်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

အကယ်၍ စီးပွားရေး ဥပဒေနယ်ပယ်တွင် ကျင်လည်မည် ဆိုပါလျှင်မူကား ရှေ့နေရုံးခန်းသည် လူအများ ဆက်သွယ်မှု လွယ်ကူရာ မြို့လယ်တွင် ဖြစ်သင့်ပါသည်။ အထူးသဖြင့် ဘဏ်၊ စာတိုက်တို့ကဲ့သို့သော နေရာမျိုးနှင့် အနီးဝန်းကျင်တွင် ဖြစ်သင့်ပါသည်။

## ပါရမီ

အောင်မြင်မှုကို လိုချင်သော ရှေ့နေရှေ့ရပ်တိုင်း၏ မရှိမဖြစ် ကြိုတင်ပိုင်စိုးထားရမည့် အရည်အချင်းတစ်ရပ်မှာ ဥပဒေ၏ ယေဘုယျ အခြေခံ သဘောတရားများကို ပိုင်ပိုင်နိုင်နိုင် သိရှိထားခြင်းပင် ဖြစ်သည်။ ရှေ့နေတစ်ဦး၏ အဇ္ဈတ္တစိတ်တွင်းမှာပင် ထိုအခြေခံသဘောတရားများ စိမ့်ဝင်ပျံ့နှံ့နေရန် လိုပါသည်။

မိမိကိုယ်ပိုင်အမှုတစ်ရပ်အား ကိုင်တွယ် လိုက်ပါရသည့် အချိန်တွင် တရားခွင်၌ အငြင်းအခုံ ပေါ်ပေါက်လာသည့် ဥပဒေ အချက်အလက်တစ်ရပ်အတွက် လေ့လာရန် အချိန်ပို ထပ်မံ ရရှိနိုင်သေးသည်ဟု မျှော်လင့်ထား၍ မရ။ ဖြစ်လည်း မဖြစ်နိုင်သည်များ ရှိပါသည်။ ဥပဒေ၏ အခြေခံသဘောတရားကို ဆုပ်မိကိုင်မိသူ ပါရမီရှင်တစ်ဦးလောက်အထိ ကျွမ်းကျင်နေပါမှ ဟန်ကိုယ့်ဖို့ ဖြစ်ပါလိမ့်မည်။ ကဏ္ဍ၊ ဌာနအလိုက် ရှိနေသည့် အုပ်ချုပ်စီမံမှုသဘောများကို သိရှိ နားလည်နေခြင်းဖြင့် မိမိ၏ကျွမ်းကျင်မှုကို ဆက်လက်ပျိုးထောင်ယူရခြင်း ဖြစ်ရာ ဥပဒေအခြေခံ သဘောတရားကို ကျွမ်းကျင်ပြီးသူ ရှေ့နေတစ်ဦးအဖို့ ထိုသို့ပျိုးထောင်ယူရန် ခက်ခဲလှသည် မဆိုနိုင်ပါ။

ဤမျှ မကသေးပါ။ ရှေ့နေတစ်ဦးသည် ဥပဒေ ပြဋ္ဌာန်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း သိရှိထားရန် လိုပါသေးသည်။ ဥပဒေပြုအဖွဲ့၏ ရည်ရွယ်ချက်ကို ရည်ညွှန်းကိုးကား တင်ပြရသည့် ဖြစ်စဉ်အခွင့်အခါများ မကြာခဏ ပေါ်ပေါက်လေ့ရှိသည် ဖြစ်ရာ ဥပဒေတစ်ရပ် ပြဋ္ဌာန်းသည့် ဖြစ်စဉ်ကို သိရှိထားခြင်းဖြင့် များစွာအထောက်အကူ ဖြစ်နိုင်သည်မှာ မလွဲပါ။ ဥပဒေနယ်ပယ်သည် ကျယ်ဝန်းလှပါသည်။ အမှုအတွက်

mgyoe.com

mgyoe.com
SAMPLE BOOK

လိုအပ်သည့် အကိုးအကားတစ်ရပ်ကို အလွန်များပြားလှသော စီရင်ထုံးများ၊ ဒိုင်ဂျက်များ၊ ပြဋ္ဌာန်းဥပဒေများတွင် ရှာဖွေ၍ ရနိုင်သည် ဖြစ်သည့်တိုင် 'အချိန်' လိုပါသည်။ မိမိကိုယ်မိမိ မလိမ်စေချင်ပါ။ ထိုစာအုပ်စာတမ်းများထဲမှ မိမိလုပ်ငန်းအတွက် ဘယ်စာအုပ်သည် လက်စွဲအဖြစ်အကောင်းဆုံး လေ့လာထားပြီးပြီလဲ၊ ဘယ်ပြဋ္ဌာန်းချက်တွေကို လေ့လာပြီးပြီလဲ၊ ဘယ်စာအုပ်မှာ ဘယ်အကိုးအကားတွေကို ရနိုင်လဲ ဆိုသည့်အချက်များက သင့်ကျွမ်းကျင်မှုကို တင်ပြ ထုတ်ပေးပါလိမ့်မည်။

## ပုဒ်ထီးပုဒ်မ၏အပြင်ဘက်

အမှုလိုက်ပါ ဆောင်ရွက်ခြင်း အတတ်ပညာ ဆိုသည်မှာ ဖြစ်ပေါ်နေသည့် အကြောင်းခြင်းရာ အချက်အလက်များအား ဥပဒေ ပြဋ္ဌာန်းချက်နှင့် တိုင်းထွာ သုံးသပ်ပေးခြင်းပင် ဖြစ်သည်။ လောင်းကစားမှု၊ အသရေပျက်မှု၊ မုဒိမ်းမှု၊ နာကျင်စေမှု စသဖြင့် အမှုအမျိုးမျိုး ရှိနေရာ ဘယ်အခါတွင် လောင်းတမ်းကစားရာရောက်သည်၊ ပုံနှိပ်မီဒီယာ ဥပဒေများက မည်သို့ ပြဋ္ဌာန်းထားသည်၊ မှုခင်းဆိုင်ရာ ဆေးပညာ၏ သတ်မှတ်ချက်များ မည်သို့ ရှိသည် စသည်တို့အတွက် လေ့လာရန် ရက်ချိန်းတောင်းအချိန်ယူနိုင်သည် မဟုတ်ပါ။

အလားတူပင် မြေယာဆိုင်ရာ မှုခင်းများ၊ ငှားရမ်းခဆိုင်ရာ မှုခင်းများ၊ ပစ္စည်းတန်ဖိုး သတ်မှတ်ရသည့် မှုခင်းများအတွက် ဆိုပါက နိုင်ငံကဦးတည်နေသည့် နိုင်ငံရေး ဘောဂဗေဒကို သိရှိလေ့လာထားရန် လိုအပ်မည်သာ ဖြစ်ပါသည်။ အထူးသဖြင့် မျက်မှောက်ခေတ်တွင် မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ဥပဒေများ၊ သဘောတရားများ၊ နည်းပညာ သတ်မှတ်ချက်များကို မဖြစ်မနေ သိရှိထားရပါလိမ့်မည်။

## ခွန်အား

ကျားတစ်ကောင်နှင့် ရင်ဆိုင်လိုက်ချိန်တွင် မိမိသေနတ်တွင် ကျည်ဆန်ထိုးထားခြင်း မပြုမိသည့် မုဆိုးတစ်ဦးအဖို့ မည်သို့ ရပ်တည်မည်နည်း။ တရားခွင်ရှေ့တွင် မိမိ အားကိုး တင်ပြနေသည့် အမှုကြောင်းခြင်းရာ

mgyoe.com

mgyoe.com
SAMPLE BOOK

များသည် တစ်စပြီးတစ်စ ပြိုလဲနေပြီဟု ခံစားလိုက်ရသည်က ရှေ့နေတစ်ဦးအဖို့ အထက်ပါ ဖြစ်ရပ်ထက် ပို၍ ဆိုးပါသည်။

ဆန့်ကျင်ဘက်ရှေ့နေ၏ ကျွမ်းကျင်စွာ တိုက်ခိုက်လာမှုကြောင့် မိမိရက်၊ လ များစွာ အချိန်ယူ တည်ဆောက်ထားရသည့် အမှုမှာ တစ်စတစ်စ ပြိုကွဲလာသည်ကို မြင်တွေ့ရသည့်အခါမျိုးတွင် မိမိ၏ ကိုယ်၊ နှုတ် အမူအရာကို ထိန်းချုပ်နိုင်သော စိတ်ခွန်အား ရှိရပါမည်။ မိမိတည်ဆောက်ထားသော အမှုဖြစ်စဉ်ကို တစ်မုဟုတ်ချင်း ဖြိုဖျက်ပစ်နိုင်လောက်သည့် အထောက်အထားတစ်ရပ်ကို မမျှော်လင့်ဘဲ တစ်ဖက်မှတင်သွင်းလိုက်သည့်အခါ အမှတ်မထင် တုံ့ပြန် ပေါ်ပေါက်လာတတ်သည့် မိမိအပြုအမူကို သေသပ်စွာ ထိန်းချုပ်နိုင်ရပါမည်။ ထိုသို့ ထိန်းချုပ်နိုင်စွမ်း ရှိသည့် စိတ်ခွန်အားသည်လည်း ရှေ့နေတစ်ဦး၏ အရည်အချင်း ဖြစ်ပါသည်။ (အချို့ရှေ့နေကြီးများသည် မိမိသက်သေကို မိမိစစ်ဆေးရင်းပင် အလိုမကျမှုများ ကြီးထွားလာကာ သက်သေနှင့် ရန်ဖြစ်ပြီး အမှု၏ ဦးတည်ချက် ပျောက်သွားသည်များ ကြုံဖူးပါသည်။)

## တရားခွင် ဆက်ဆံရေး

တရားခွင်တွင် ထိုင်နေသော တရားသူကြီးအား မြှောက်ပင့် ချီးကျူးခြင်းဖြင့် အမှု အောင်နိုင်ရာ လက်နက်အဖြစ် အသုံးမချသင့်ပါ။ တစ်ကြိမ်အောင်မြင်ပါလိမ့်မည်။ ထို့နောက် အကြိမ် တစ်ရာ ရှုံးနိမ့်ပါလိမ့်မည်။ ကျေနပ်လောက်အောင် စနစ်တကျ လေ့လာ တင်ပြမှုများသည်သာ စစ်မှန်သော အောင်နိုင်မှုကို ရနိုင်ပါသည်ဟု W.R. Riddle ဆိုသော ရှေ့နေကြီးတစ်ဦးက မိန့်ဆိုဖူးပါသည်။

## အမှုသည် သို့မဟုတ် မိတ်ဆွေ

အထက်က ပြောခဲ့သည်များမှာ ရှေ့နေတစ်ဦး၏ အောင်မြင်ရာ အောင်မြင်ကြောင်းအတွက် ကိုယ်တိုင် ပြုစု ပျိုးထောင်ရမည့် အတတ်ပညာ၊ အပြုအမူများအကြောင်း ဖြစ်ပါသည်။ စနစ်တကျ ပြုစုပျိုးထောင်ထား

mgyoe.com

mgyoe.com
SAMPLE BOOK

သည့် ကျွမ်းကျင်မှုများဖြင့် အမှုလိုက်လုပ်ငန်းကို အောင်မြင်စွာ လုပ်ကိုင်နိုင်ပါလိမ့်မည်။

သို့သော်လည်း သင့်တွင် လိုက်ပါ ဆောင်ရွက်ရန် အမှု မရှိသေးသမျှ အောင်မြင်သူ ဖြစ်ပြီဟု မသတ်မှတ်နိုင်သေးပါ။ အချိန်ရှိသရွေ့၊ နေ့ရှိသရွေ့ မိမိကိုယ်ကိုယ် ပြုစုပျိုးထောင်နေခြင်းသည် အမှု အောင်နိုင်ရေး သက်သက်သာ ဆိုလျှင် မှားပါလိမ့်မည်။ ယင်းသို့ ကြိုးစားအားထုတ်မှုသည် မိမိကို အပ်နှံလာမည့် အမှု ရရှိလာရေးကို ရှေးရှုနေခြင်း ဖြစ်သည်ဟုလည်း သတိထားပါ။

အမှု မရသေးခြင်းသည် စိတ်ပျက်စရာ မဟုတ်သကဲ့သို့ အားလျှော့စရာလည်း မဟုတ်ပါ။ အမှု အပ်နှံမည့်သူ ရရှိရေးအတွက် လူမသိသော ပုံသေနည်းတစ်ခု ရှိပါသည်။ ယင်းမှာ 'လူတိုင်းလူတိုင်းသည် အမှုသည်ဖြစ်ရန် အလားအလာ ရှိသူများချည်း ဖြစ်သည် ဆိုသည့် အချက်ကို မမေ့အပ်' ဟူ၍ ဖြစ်ပါသည်။

ဤစကားကို သဘောမကျသူတွေ ရှိနိုင်ပါသည်။ သို့ရာတွင် စဉ်းစားစေချင်ပါသည်။ မိတ်ဆွေတိုင်း၊ အပေါင်းအသင်းတိုင်းသည် အမှုတစ်ရပ်ရပ်နှင့် ဆက်နွယ်နေသူချည်းသာ ဖြစ်ပါသည်။ လူအများနှင့် ပေါင်းသင်းဆက်ဆံရမှု များလေလေ ဆက်ဆံရသော အမှုသည်လောက ကြီးမားလေလေ ဖြစ်ပါသည်။ အိမ်ရှေ့တွင် ရှေ့နေဆိုင်းဘုတ်ပြား အကြီးကြီး ရေး၍ ဘွဲ့ဒီဂရီများ မည်မျှပင် ဖော်ပြထားစေကာမူ ယင်းဆိုင်းဘုတ်ပြားက သင့်ထံသို့ အမှုသည် ခေါ်လာလိမ့်မည် မဟုတ်ပါ။

တရားစွဲဆို ဖြေရှင်းကြခြင်းအဆင့်သည် ရှေ့နေများ၏ ရုံးခန်းတွင် ပေါက်ဖွားပါသည်။ ဈေးပြင်ကနား နေရာများသည် အမှု စတင်ပေါ်ပေါက်ရာဒေသ ဖြစ်သော်ငြားလည်း ယင်းအမှုကို မည်သို့ ရင်ဆိုင်ယှဉ်ပြိုင်ကြမည့် ဗျူဟာအခင်းအကျင်းသည် ရှေ့နေရုံးခန်းတွင် ပေါက်ဖွားခြင်း ဖြစ်ရာ ပြင်ပဆက်ဆံရေးကို ကျယ်ကျယ်ပြန့်ပြန့် ထားပါ။ အလုပ်ရုံ အလုပ်ဌာနများ၊ မီးရထားဘူတာရုံများ၊ ဆေးရုံဆေးခန်းများ၊ အများပြည်သူ အပန်းဖြေနေရာများ၊ အားကစားကွင်းများ စသည့် လူ


mgyoe.com

mgyoe.com SAMPLE BOOK

အများ စုဝေးသွားလာကြရာ နေရာများသည် ရွှေနေတစ်ဦးအတွက် တရင်းတနှီး ရှိနေရမည့် နေရာများ ဖြစ်ပါသည်။ ဆက်ဆံပေါင်းသင်းရသောသူ အများအပြား ရှိနေခြင်းသည် မိမိအား ဥပဒေရေးရာ အကူအညီ တောင်းခံသူ ပေါ်ပေါက်လာမည့် အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးခြင်း ဖြစ်သည်မှာ မလွဲပါ။

သင့်မိတ်ဆွေတိုင်းသည် အမှု တစ်မှုမှုနှင့် ဆက်စပ်ရန် အလားအလာ ရှိသူများချည်း ဖြစ်ပါသည်။ ဤအချက်ကို မမေ့သင့်ပါ။ သင်၏ အမှုသည်တိုင်းကိုလည်း သင့်မိတ်ဆွေ အလားအလာများ အဖြစ်သို့ ရောက်စေရန် လိုအပ်ပါသည်။

ကမ္ဘာကျော် စာရေးဆရာ Dale Carnegie ၏ How to Win Friends and Influence People ကို မြန်မာနိုင်ငံတွင် စာရေးဆရာ ဦးနုက မိတ္တဗလဋီကာအဖြစ် ဘာသာပြန်ဆိုကာ မြန်မာစာဖတ်ပရိသတ်အား မိတ်ဆက်ပေးခဲ့ပါသည်။ ကမ္ဘာတစ်လွှား စာအုပ်ရေ သန်းချီဝယ်ယူဖတ်ရှုကြသော စာအုပ်ဖြစ်သဖြင့် အဘယ်မျှလောက် အသုံးဝင်ကြောင်း ခန့်မှန်းနိုင်ပါသည်။ ၎င်းစာအုပ်သည် စိတ်ပျက်၊ ကျရှုံးသူ လူများအား မျှော်လင့်ချက်ဖြင့် စိတ်အားထက်သန်သူများ၊ အောင်မြင်သူများ အဖြစ်သို့ ပို့ဆောင်ပေး နိုင်ခဲ့သည်။ သို့ရာတွင် စာအုပ်ပါ ဖော်ပြ ရေးသားချက်များမှာ အသစ်အဆန်း လုံးဝ မပါဝင်။ အဖြစ်အပျက်များအပေါ် အခြားတစ်ဖက်သော ရှုထောင့်မှ ချဉ်းကပ် ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုလမ်းစများ ပေါ်ပေါက်ရသည့် အကြောင်းခြင်းရာများသာ ဖြစ်သည်ကို တွေ့နိုင်ပါသည်။ သောက်နေကျ ဝိုင်အရက်ကို ပုလင်းတံဆိပ်အသစ်တွင် ထည့်ရောင်းလိုက်ခြင်းဟု တင်စားထားပါသည်။

ယင်း၏ နည်းနာတချို့ကို ဖော်ပြလိုပါသည် -

(၁) အဆုံးအဖြတ် မပေးပါနှင့်။ ဆုံးဖြတ်ခွင့်ပြုလိုက်ပါ။

(၂) သူတစ်ပါးကို ဝေဖန် ရှုတ်ချ ပြစ်တင်ခြင်းသည် လူတော်လူကောင်းတို့အလုပ် မဟုတ်၊ မိုက်မဲသူများသာ လုပ်ကြသည်။ နားလည်စွာဖြင့် ခွင့်လွှတ်တတ်သောအစွမ်း ရှိပါစေ။


mgyoe.com

mgyoe.com SAMPLE BOOK

(၃) အောင်မြင် ကြီးပွားသူ တစ်ဦးသည် လူသာမန်တစ်ဦးကဲ့သို့ ပြုမူဆက်ဆံခြင်းဖြင့်သာ သူ့အောင်မြင်မှုကို သိသာစေသည်။

(၄) လူအများကို ရှုတ်ချပြစ်တင်မည့်အစား သူတို့အား နားလည်နိုင်အောင် ကြိုးစားကြပါစို့။

(၅) ထာဝရဘုရားသခင်ပင်လျှင် လူတစ်ဦးအပေါ် သူ၏ဘဝနိဂုံး မတိုင်မီအထိ အကဲဖြတ်လိုခြင်း မရှိပါ။ သို့ဖြစ်လျှင် ကျွန်ုပ်တို့ သင်တို့က ဘာကြောင့် အကဲဖြတ်နေကြသည်ကို စဉ်းစားပါ။

(၆) ချီးကျူးခြင်းနှင့် မြှောက်ပင့် ပြောဆိုခြင်း၏ ခြားနားချက်မှာ ရိုးရိုးလေးပင်။ တစ်ခုမှာ ရိုးဖြောင့်ပြီး အခြားတစ်ခုမှာ မရိုးသားပါ။ တစ်ခုမှာ ရင်ထဲက လာခြင်း ဖြစ်ပြီး အခြားတစ်ခုမှာ သွားကြားမှ လာခြင်း ဖြစ်သည်။ တစ်ခုကို လူအများ အားကျပါသည်။ အခြားတစ်ခုကို လူအများ မနှစ်မြို့ပါချေ။

(၇) လူအများသည် အရေးပါသူ ဖြစ်ရန် စိတ်အားသန်ကြသည်မှာ သဘာဝ ဖြစ်သည်။ လူတိုင်း လူတိုင်းတွင်လည်း ချီးကျူးစရာ တစ်ခုခု ပိုင်စိုးနေသည်သာ ဖြစ်သည်။

(၈) တွေ့ကြုံဆက်ဆံရသူ လူတိုင်းပင် မိမိထက် တစ်နည်းနည်းဖြင့် သာလွန်နေသူများ ဖြစ်ကြသည်။ ထို့ကြောင့်ပင် ထိုအချက်ကို မိမိက သင်ယူရလိမ့်မည်။

(၉) ဆန့်ကျင်ဘက် ရှုထောင့်မှ ပြန်၍ တွေးဆတတ်ရန် အသင့်ရှိနေပါစေ။

(၁၀) စိတ်အားထက်သန်စွာ သင်ယူလိုစိတ်ကို မွေးမြူပါ။ လူအများနှင့် ဆက်ဆံရေးတွင် အရှည်အသွေး မြင့်မားစေရန်အတွက် ထက်မြက်သော အဆုံးအဖြတ်များ ချတတ်သူ ဖြစ်ပါစေ။

(၁၁) လူအများက သင့်ကို စိတ်ဝင်စားလာအောင် နှစ်နှစ် ကြိုးစားအားထုတ်ခြင်းထက် နှစ်လလောက် သင်က လူအများကို စိတ်ဝင်တစား ရှိနေခြင်းက ပို၍ အဆွေခင်ပွန်း ရနိုင်သည်။

(၁၂) သူတစ်ပါးအရေးကို စိတ်မဝင်စားသူတစ်ဦးအဖို့ ကိုယ်တိုင်လည်း ဒုက္ခဖြစ်နေတတ်ပြီး သူတစ်ပါးကိုလည်း ဒုက္ခပေးနေ



mgyoe.com

mgyoe.com SAMPLE BOOK

တတ်ရာ ဤအချက်မှာ လူသား ဖြစ်ရခြင်း၏တန်ဖိုးကို ဆုံးရှုံး နေခြင်းပင် ဖြစ်သည်။

(၁၃) တစ်ပါးသူအား စိတ်ရင်းအမှန်ဖြင့် ဆက်ဆံတတ်ပါစေ။

(၁၄) တတ်နိုင်သမျှ အပြုံးကို ဆောင်ထားပါ။

(၁၅) လူတစ်ဦး၏ နာမည်သည် ထိုသူအဖို့ အချိုသာဆုံးနှင့် အရေး အပါဆုံး အသံ ဖြစ်သည်ကို အမြဲသတိရပါ။

(၁၆) ကောင်းကောင်း နားထောင်ပါ။ သူ့ကိစ္စသူ ကောင်းကောင်း ပြောလာပါစေ။

(၁၇) ကိုယ်က ပြောရရင် သူ့ကို အကျိုးပြုရာရောက်ပါစေ။

(၁၈) ကိုယ်က ချီးကျူးရတာ၊ ဂုဏ်ပြုပေးရတာတွေဟာ စိတ်ပါ လက်ပါ ရှိပါစေ။

(၁၉) အငြင်းသန်တတ်သည့် အကျင့်ကို ရှောင်ခြင်းက အကောင်း ဆုံး ဖြစ်သည်။

(၂၀) သူတစ်ပါး ခံစားနေရတာကို အရေးတယူရှိပါ။ လုပ်ပေးစရာ ရှိလျှင် စိတ်ရင်းကောင်းဖြင့် လုပ်ပေးလိုက်ပါ။

(၂၁) သူတစ်ပါး၏ ထင်မြင်ယူဆချက်ကို လေးစားပါ။ မှားတယ်ဟု မပြောလိုက်ပါနှင့်။

(၂၂) ကိုယ် မှားခဲ့လျှင်လည်း ဝန်ခံလိုက်ပါ။ ပေါ့ပျက်ပျက် မဖြစ်ပါ စေနှင့်။

(၂၃) ရင်းနှီး ကျွမ်းဝင်ရှိခြင်းဖြင့် အစပြုပါမှ ကိုယ့်ဆန္ဒအတိုင်း ဖြစ်နိုင်သည်ကို မမေ့သင့်။

(၂၄) ဟုတ်ကဲ့ ဟုတ်ကဲ့ဖြင့် မိတ်ဆွေဖွဲ့ကြသည်။

(၂၅) အခြားသူကို စကားများများ ပြောခွင့်ပေးပါ။

(၂၆) ဒီအကြံဉာဏ်ကောင်းကို သူ့ဆီက ရတာလို့ ထင်နေတာ သဘောတူလိုက်ပါ။

(၂၇) အကြောင်းခြင်းရာ တစ်ရပ်အပေါ် တစ်ဖက်လူက မြင်နေ သည့် အမြင်အပေါ် ရိုးရိုးဖြောင့်ဖြောင့် ကြည့်မြင်တတ် ပါစေ။


mgyoe.com

mgyoe.com
SAMPLE BOOK

(၂၈) တစ်ဖက်လူ၏ အတွေးအမြင်နှင့် ဆန္ဒကို ကိုယ်ချင်းစာပါ။

(၂၉) ပိုပြီး စိတ်ကောင်းမွေးဖို့ ဦးတည်ထားပါ။

(၃၀) စိန်ခေါ်ချက်များကို ရင်ဆိုင် ကျော်လွှားပါ။

(၃၁) လူတွေ ပြုတတ်သော အမှားများကို သတိမပေါ့မိပါစေနှင့်။

(၃၂) တိုက်ရိုက် အမိန့်ပေးနေသည်ကို မေးခွန်းများ မေးခြင်းဖြင့် အစားထိုးလိုက်ပါ။

(၃၃) တစ်ဖက်လူ အရှက်တကွဲ ဖြစ်လိုက်သည်ကို မသိသလိုနေလိုက်ပါ။

(၃၄) လူတစ်ဦးအား ကောင်းသတင်းဖြင့် အစပျိုး ထူထောင်ခွင့်ရရှိပါစေ။

(၃၅) သင် ပေးလိုက်သောအကြံဉာဏ်ကြောင့် ပျော်ရွှင်မှု ရကြပါစေ။

ဒေးလ် ကာနယ်ဂျီ အပါအဝင် ကမ္ဘာတွင် နာမည်ကျော်ကြားသည့် အတွေးအခေါ် ပညာရှင်များ၏ အကြံပြုချက်များ ဖြစ်ပါသည်။ ဖတ်ကြည့်လျှင် စာဖတ်သူအား ဆရာဝင်လုပ်သည့်သဘောများ ပါကောင်းပါနိုင်ပါသည်။ သို့ရာတွင် စကားလုံးနည်းနည်းနှင့် အဓိပ္ပာယ် ကျယ်ဝန်းစွာ ဖော်ကျူးထားသည့် အကျိုးပြုသောစာများ ဖြစ်၍ ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ အချက်အလက် အနေဖြင့် များလှသည်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် အားလုံးကို ခြုံလိုက်လျှင် သုံးချက်သာ ရှိပါသည်။

(၁) ရင်းနှီး ဖော်ရွေခြင်း၊

(၂) သူ့အကျိုးကို ငဲ့ခြင်း၊

(၃) နှစ်လိုဖွယ်ပြုခြင်းတို့ဌသာ အဓိပ္ပာယ်တည်ပါသည်။

ဤအမူအကျင့် သုံးမျိုးကို ဆောင်ခြင်းဖြင့် အသိုင်းအဝန်း ကြီးလာပါလိမ့်မည်။ မိတ်ဆွေ များလေလေ အမှုသည်ပတ်ဝန်းကျင် ကြီးလေလေ၊ အမှုသည် ပတ်ဝန်းကျင် ကြီးလေလေ မိတ်ဆွေ များလေလေ ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မိမိနှင့် မိမိအမှုသည် ဆက်ဆံရေး တည်တံ့ ခိုင်မာရန်မှာလည်း အမှုရရန် အားထုတ်ရသကဲ့သို့ပင် ဖြစ်ပါသည်။ မြင့်မားသည့် နေရာတစ်ခုကို ရရှိပြီ ဆိုပါက ထိုနေရာတွင် မြဲမြံစွာ ရပ်တည်နေရေးမှာ

mgyoe.com

mgyoe.com SAMPLE BOOK

ခက်ခဲသော ပုစ္ဆာတစ်ပုဒ် ဖြစ်ပါသည်။ ကောင်းမွန်သော ရှေ့နေဆိုသည်မှာ သူ၏ မူလစိတ်ရင်းကပင် ကောင်းမွန်သူတစ်ဦးမှသာ ဖြစ်ထွန်းတတ်သည် ဖြစ်ရာ မိမိ၏စာရိတ္တ မြင့်မားအောင် အစဉ်တစိုက် ထိမ်းသိမ်းတတ်သူ တစ်ဦးအဖို့ အောင်မြင်သော ရှေ့နေတစ်ဦးအဖြစ် ရောက်ရှိရန်မှာ သေချာပါသည်။

ကောင်းသော ဂုဏ်သတင်း ကျော်စောမှုသည်လည်း အရေးကြီးပါသည်။ မည်သူတွေ မည်သို့ပင် ထင်ကြစေကာမူ ဂရုမစိုက်ဘဲ ပြောစရာရှိသည်ကို ရိုးရိုးသားသား ပြောလိုက်မည်ဟု ဆိုလာသူတစ်ဦးအတွက် ယင်းမှာ မကြာမီ ကာလအတွင်းမှာပင် အတိုက်အခံများ၊ အနှောင့်အယှက်များ တွေ့ရလိမ့်မည်ဟုသာ ဟောကိန်းထုတ်ရပါလိမ့်မည်။ ယင်းသို့ ဟောဟောဒိုင်းဒိုင်း ပြောချင်ရာ ပြောတတ်မည့် အပြုအမူမှာ အကျင့်စာရိတ္တ ထိန်းသိမ်းခြင်းနှင့် မဆိုင်ပါ။

အကျင့်စာရိတ္တ ကောင်းမွန်ခြင်းသည် နာမည်သတင်း ကျော်စောခြင်းထက် မွန်မြတ်ပါသည်။ ထိုနာမည်သတင်း ကျော်စောခြင်းကိုပင် အကျင့်စာရိတ္တ ကောင်းမွန်ခြင်းက ဖန်ဆင်းပြန်ပါသေးသည်။ မိမိဆန္ဒကို ရှေ့တန်းမတင်ဘဲ အမြဲသတိထား နေထိုင်ခြင်းဖြင့် စာရိတ္တကောင်းသူတစ်ဦး ဖြစ်လာပါသည်။ မိမိနှင့် သူတစ်ပါးကြားတွင် ရှိသော အပြန်အလှန် ဆက်ဆံရေးတွင် အလေးဂရုထားရမည့် အချက်များကို မမေ့မလျော့ ရှိနေခြင်းသည်လည်း စာရိတ္တ ထိန်းသိမ်းခြင်းတစ်နည်း ဖြစ်ပါသည်။ ကောင်းမွန်သော စာရိတ္တသည် သတ္တိကို မွေးဖွားပေးပါသည်။ မိမိကို ယုံကြည်စိတ်ချ အားထားမည့်သူများ ဖန်တီးပေးပါသည်။ ရှေ့နေတစ်ဦး၏ စာရိတ္တသည် တရားရုံးပေါ် ဩဇာသက်ရောက်ရာ ဤသို့ ထိန်းသိမ်းနိုင်စွမ်း ရှိသည့် စာရိတ္တသည် ရှေ့နေတစ်ဦး၏ အောင်မြင်ရေးကို လမ်းခင်းပေးခြင်း ဖြစ်ကြောင်းကို မည်သူမျှ မငြင်းဆိုနိုင်ပါ။

## စိတ်ပါဝင်စားမှု

ရှေ့နေတစ်ဦး၏ တာဝန်မှာ လိုက်ပါသော အမှုတွင် မိမိ၏ အသိပညာ၊ အတတ်ပညာများကို အကောင်းဆုံး တင်ဆက်ပေးခြင်း ဖြစ်သည်။ မိမိ


mgyoe.com

mgyoe.com
SAMPLE BOOK

အမှုအား တရားခွင်တွင် တင်ဆက်ရာ၌ ဖြစ်စေ၊ သက်သေများအား စီစဉ်တကျ စစ်ဆေးရာ၌ ဖြစ်စေ အကောင်းဆုံး ဖြစ်စေရန် အမှုအချက် အလက်များအပေါ် အာရုံစူးစိုက်မှု တစိုက်မတ်မတ်ရှိနေရန် လိုအပ်ပါသည်။ အမှုတစ်မှုအပေါ် စူးစူးစိုက်စိုက်အာရုံထားကာ လက်တွေ့ လိုက်ပါ ဆောင်ရွက်လိုက်ခြင်းသည် စာတွေ့ လေ့လာရသော အမှု ၁၀ မှု အတွေ့အကြုံနှင့် ညီမျှပါသည်။

သိပ္ပံပါရဂူက သိပ္ပံသီအိုရီတစ်ရပ်ကို ကိုင်တွယ် ရှင်းလင်းပြသည် ထက် ကျွမ်းကျင်လိမ္မာသော ရှေ့နေကြီးတစ်ဦးက နားလည်ရန် ခက်ခဲသော ဥပဒေ ဆိုရိုးစကားတစ်ရပ်အား ပိုင်နိုင်စွာ ရှင်းလင်း တင်ပြလိုက်ခြင်းက ပို၍ မှတ်မှတ်ထင်ထင် ရှိတတ်ပါသည်။ အကြောင်းမူ ဤသို့ ဆောင်ရွက်နိုင်စွမ်း၏ နောက်ကွယ်တွင် ထိုရှေ့နေကြီးသည် ကောင်းသော ဂုဏ်သတင်းကိုလည်း အပိုဆုအဖြစ် ရလိုက်သောကြောင့် ဖြစ်ပါသည်။

လောကဓာတ်သိပ္ပံပညာတွင် သီအိုရီများ ရှိသကဲ့သို့ ဥပဒေနယ်ပယ် တွင်လည်း သီအိုရီများ၊ ဆိုရိုးစကားများ ရှိနေရာ ယင်းတို့ကို ခွဲခြမ်း စိတ်ဖြာ လေ့လာကာ လက်တွေ့နယ်တွင် အသုံးချနိုင်စွမ်း ရှိရမည်။ အထူးသဖြင့် အမှုအတွက် လျှောက်လဲချက်များ တင်သွင်းရန် ရှိလာ သည့်အခါ ယင်း ဆိုရိုးစကားများသည် အမှုအောင်နိုင်ရာ အောင်မြင် ကြောင်းအတွက် များစွာ အထောက်အကူ ပြုလာသည်ကို တွေ့နိုင်ပါ သည်။ သို့ဖြစ်ရာ ဥပဒေပညာ ဗဟုသုတ နယ်ပယ်ကို ချဲ့ထွင်ကာ ကျေကျေညက်ညက် လေ့လာထားခြင်း၊ တရားခွင် အတွေ့အကြုံ လုံလုံ လောက်လောက် ရှိခြင်းတို့ဖြင့် အောင်မြင်သူတစ်ဦးအဖြစ် အားထုတ် ကြရန် ဖြစ်ပါသည်။

အောင်မြင်ချင်သောစိတ်သက်သက် ထက်သန်နေရုံမျှဖြင့်ကား မည် သို့မျှ မဖြစ်နိုင်ပါ။ တစ်မှုတလေ အနိုင်ရတတ်ခြင်းမှာ ရှေ့နေတိုင်းပင် ရှိနိုင်သည် ဖြစ်ရာ ကျေနပ်ပီတိ ဖြစ်နေရန် မဟုတ်။ အမှုလိုက်လုပ်ငန်း အတွက် အမှန်တကယ် လေ့လာသိရှိထားရမည့် အချက်များကို လေ့လာ ပြီးပြီဟု မိမိကိုယ်ကိုယ် စိတ်ချလက်ချ ရှိနေရပါမည်။ ကိုယ့် လေ့လာနိုင်


mgyoe.com

mgyoe.com SAMPLE BOOK

စွမ်းအားကို ကိုယ်ကိုယ်တိုင် ယုံကြည်စိတ်ချစွာဖြင့် အမှုလိုက်ရာမှ ရရှိသော အောင်မြင်ခြင်း ဖြစ်ကြဖို့ လိုပါသည်။

လေ့လာကြရာတွင် ရှေးရှေ့နေကြီးများက လမ်းညွှန်ထားသည်များ ရှိပါသည်။ 'သင့်ခဲတံနှင့် စာရွက်ကို အချိန်မရွေး အသင့် ရှိနေပါစေ။ ပြဋ္ဌာန်းစာအုပ်များ၊ စီရင်ထုံးများ၊ လောလောလတ်လတ် ပြဋ္ဌာန်းလိုက်သည့် ဥပဒေများအား လေ့လာ မှတ်သားထားခြင်းသည် သင့်အား ရှေ့နေ *ပျိုစေ၊ သမား အိုစေ* ဟူသော စကားပုံနှင့်အညီ အမြဲတမ်း နုပျိုသော အတွေးအခေါ် အယူအဆများ ဖန်တီးပေးနေပါလိမ့်မည်။ မပျင်းပါနှင့်၊ အရေးမကြီးဟု ထင်ရသော အချက်ကလေး ဖြစ်သည့်တိုင် မှတ်စရာ ရှိရင် မှတ်ထားလိုက်ပါ'ဟု ဆုံးမကြပါသည်။

ခိုင်ခိုင်လုံလုံ မသိဘဲ ကိုးကားရန် စိတ်မကူးပါနှင့်။ ကျေကျေညက်ညက် နားလည် သိရှိပြီး အချက်အလက်ကိုသာ ကိုးကား အားထားပါ။ ဆုံးဖြတ်ချက် (Held) သက်သက်ကို ကြည့်ရှုလေ့လာရုံမျှဖြင့် စိတ်ချမနေပါနှင့်။ ကိုယ် အမှုနိုင်လောက်သည့် ဆုံးဖြတ်ချက်ကို တွေ့သည့်တိုင် ထိုဆုံးဖြတ်ချက် ချမှတ်သော စီရင်ထုံး တစ်ခုလုံးကို မျက်မြင် ဖတ်ရှုပြီးမှသာ ဆုံးဖြတ်ချက် ချမှတ်ထားခြင်း၏ အခြေခံ အကြောင်းပြချက်ကို သိရှိနိုင်မည် ဖြစ်ကာ ကိုးကား သုံးစွဲရန် သင့် မသင့် ကောင်းစွာ ချင့်ချိန်နိုင်ပါလိမ့်မည်။

ကျိုးကြောင်းပြချက် ခိုင်ခိုင်မာမာဖြင့် လေ့လာ သိရှိလိုက်ရသော ဆုံးဖြတ်ချက်တစ်ရပ်သည် မိမိ လိုက်ပါ ဆောင်ရွက်လျက်ရှိသော အမှုအား ယိုပေါက် မရှိအောင် အကာအကွယ် ပြုပေးထားကြောင်း တွေ့ရှိလိုက်ရပါက အခြား မခိုင်လုံသည့် စီရင်ထုံး ၁၀ ခုကို အချိန်ပေးလိုက်ရသည်ထက် ပို၍ တန်ဖိုးထိုက်လှပါသည်။ ထိုအခါ မိမိ တွေ့ရှိချက်ကို ချက်ချင်း မှတ်သားမိလိုက်ရန် လိုပါသည်။ မှတ်ဉာဏ်ကို အားမကိုးလိုက်စေလိုပါ။ မှတ်စုထုတ် မှတ်သားလိုက်ရန် ဖြစ်ပါသည်။

လေ့လာစွမ်းအား ကောင်းသူသာ ရှေ့ခရီး အောင်အောင်မြင်မြင် ဆက်နိုင်ပါသည်။ ပျင်းလျှင် နေရာတွင်ပင် ရပ်နေရပါလိမ့်မည်။ လေ့လာရန် အညွှန်းအဖြစ် ပြုစုထုတ်ဝေထားကြသည့် စာအုပ်စာတမ်းများ

mgyoe.com

mgyoe.com
SAMPLE BOOK

ရှိပါသည်။ ယင်းစာအုပ်များတွင် ရည်ညွှန်း ဖော်ပြချက်များမှာ အကျဉ်းမျှသာ ဖြစ်ပြီး မူရင်း စီရင်ထုံးများမှ ကောက်နုတ်ချက်ကို ဦးစွာ ဖတ်ရှုခြင်းဖြင့် လေ့လာမှုနယ်ပယ်ကို ကျယ်ကျယ်ပြန့်ပြန့် အစပျိုးနိုင်မည် ဖြစ်ပါသည်။

## အမှု လက်ခံခြင်း

အမှုသည်များကို တွေ့ဆုံ မေးမြန်းခြင်းကိုလည်း ဆွေးနွေးလိုပါသည်။ ထိုက်သင့်သည့် အချိန်ပေးရန် လိုပါသည်။ အလျင်စလို တွေ့ဆုံမေးမြန်း မှတ်သားလိုက်ခြင်း၊ အမှုသည်က အရေးတယူ ပြောပြသည့် အချက်အလက်များကို ခပ်လွယ်လွယ် မှတ်သားလိုက်ခြင်းတို့သည် ဆိုးကျိုးများ ဖြစ်စေတတ်သည်ကို သတိထားသင့်ပါသည်။

အမှုသည်က ပြောလာသည်များအပေါ် မိမိအနေဖြင့် -

(၁) မှန်သည်ဟု အမှုသည်အား လုံးဝ ယုံကြည်ခြင်း၊

(၂) မှန်နိုင်သည် မဟုတ်ဟု လုံးဝယုံကြည်မှု မရှိခြင်းတို့ ဖြစ်နိုင်ပါသည်။

ထိုသို့ သဘောထားခြင်းသည် မဆီလျော်ပါ။ အမှုသည်ကို ယုံကြည်သဖြင့် သူ ပြောသည့်စကားနှင့်အညီ အမှုလိုက်မိသည့်အခါတွင် အချို့အချက်များမှာ လွဲမှားနေခြင်း၊ အချို့အချက်များမှာ ပို၍ ပြောထားခြင်းတို့ ကြုံရတတ်ပါသည်။ အမှုသည်က မိမိရှေ့နေကို တမင်ချောက်ချသည်ဟု မဆိုလိုပါ။ မိမိ၏ အသက်မွေးဝမ်းကျောင်းအဖြစ် သင်ယူခဲ့ရသော ပညာရပ်၌ ဤအချက်ကို သင်ခန်းစာ ဤသို့ ပေးထားသည်။ 'ပြောလာသည့် အချက်အလက် တစ်ခုတည်းကို အားထားပြီး ထိုအချက်အလက်မှာ အမှန် ဖြစ်သည်ဟု မယုံပါနှင့်။ မှန်လောက်သည် ဆိုမှသာ ယုံပါ။'

တရားခွင်များမှာပင် နည်းလမ်းတကျ ယူထားသော ဖြောင့်ချက်တစ်ရပ်အား အခြားအထောက်အထားများက ထောက်ခံမှု မရှိပါလျှင် လက်ခံ ယုံကြည်ခြင်း မရှိပါ။ အမှုသည် ဆိုသည်မှာ မိမိအား အကျိုးပြုသော အချက်အလက်ကိုသာ ဦးစားပေး ဖော်ပြပြီး တစ်ဖက်လူအပေါ်

mgyoe.com

mgyoe.com
SAMPLE BOOK

ပိုပိုသာသာ စွပ်စွဲတတ်ကြသည်သာ ဖြစ်ရာ ရှေ့နေရှေ့ရပ် အနေဖြင့်မှု ဆက်စပ် အခြေအနေ၊ အချက်အလက်များကို ထည့်သွင်း ချင့်ချိန်စဉ်းစား၍ ယုံသင့် မယုံသင့် ဆုံးဖြတ်သင့်ပါသည်။ ဤသို့ ဆိုခြင်းကြောင့် အမှုသည်ကို လိမ်လည် ပြောဆိုတတ်သူဟု မဆိုလိုပါ။

အမှုသည် ပြောသည်ကို မယုံကြည်ဘဲ အမှုလိုက်မည် ဆိုပါက အမှုသည်နှင့် ဆက်ဆံနေရသမျှ မိမိစိတ်တွင် အမြဲ အရောင်ဆိုးနေရပါလိမ့်မည်။ ထိုသို့ စိတ်ကို အရောင်ဆိုး၍ ဆက်ဆံနေရသည်ကို အမှုသည်ကလည်း သိနေပါလိမ့်မည်။ သို့ဖြစ်လျှင် ထိုအမှုကို ဆက်လက် လိုက်ပါရန် မသင့်တော့ပါ။ ထိုသို့ မဖြစ်စေရန် အမှုသည် ပြောလာသည့် စကားကို သေချာ နားစိုက်ထောင်ကာ ရောထွေးနေသည့် မရှင်းလင်းသော အချက်များ၏ အဓိပ္ပာယ်ကို သတိထားကာ ခွဲခြမ်းစိတ်ဖြာ၍ လေ့လာပြင်ဆင်ထားသင့်ပါသည်။ အမှုသည်က ပြောပြနေသည့် အချက်မှာ သူ ပြောသလို အတိအကျ မဟုတ်သည်ကို မိမိက သိရှိနေခြင်းဖြင့် အမှုအတွက် ကြိုတင်ပြင်ဆင်ထားနိုင်ရန် ဆိုလိုပါသည်။ ကြိုတင် သတိရှိနေခြင်းသည် ကြိုတင် လက်နက်တပ်ဆင်ခြင်းပင်။ (To be forewarned is to be forearmed.)

ယေဘုယျအားဖြင့် ရှေ့နေတာဝန်တစ်ရပ်မှာ ထိုက်သင့်သည့် အမှုလိုက် အခကြေးငွေ ရယူပြီး ဖြစ်လျှင် အမှုသည်က ညွှန်ကြားလာသည့် အချက်အလက်အားလုံးကို လက်ခံ၍ အမှုလိုက်ပါ ဆောင်ရွက်ရန် ဖြစ်သည်။ သို့ရာတွင် အချက်အလက် တစ်ရပ်ရပ်မှာ အခြေအနေ တစ်ရပ်ရပ်အရ လက်ခံ ဆောင်ရွက်ရန် မဖြစ်နိုင်သည်များ ရှိရာ ထိုအချက်အလက်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း မပြုရန် ရှေ့နေက ငြင်းဆိုနိုင်ပါသည်။ မိမိတာဝန်ကို မဆောင်ရွက်ဘဲ နေခြင်း၊ ဆောင်ရွက်ရန် ငြင်းဆိုခြင်းများကြောင့် တိုင်ကြားမှု ပေါက်ပေါက်လျှင် ရှေ့နေများကောင်စီသည် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်နှင့် သိက္ခာအပေါ် ယခင် ဖြတ်ထုံးများ၊ ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အဆုံးအဖြတ်ပြုရပါသည်။

ရှေ့နေရှေ့ရပ် ဆိုသည်မှာ တရားရုံး အရာရှိတစ်ဦး ဖြစ်သည်။ အကူအညီ လိုအပ်နေသော ပြည်သူကို အားပေးကူညီရန် နည်းလမ်း

mgyoe.com

mgyoe.com
SAMPLE BOOK

တကျ လေ့ကျင့်ထားသူတစ်ဦးအဖြစ် ခန့်အပ်ခံရသူ ဖြစ်သည်။ သို့ဖြစ်ရာ ရှေ့နေတစ်ဦး၏ အလုပ်ခွင်သည် ကုန်သည်တစ်ဦး၊ လုပ်ငန်းရှင်တစ်ဦး၏ ကုန်သွယ်မှုလုပ်ငန်းသဘောမျိုးဖြင့် ဆက်ဆံဆောင်ရွက်ရာ နေရာ မဟုတ်ပါ။

အမှုသည် ဆိုသည်မှာ အခြားတစ်ဖက်ကို ဆန့်ကျင်၍ ရပ်တည်သူ၊ ရံဖန်ရံခါ အစိုးရ အမှုထမ်းကိုပင် ဆန့်ကျင် ရပ်တည်သူ ဖြစ်ပါသည်။ ရံဖန်ရံခါ သူ၏ အသိုင်းအဝိုင်းမှ လူအားလုံးကို ဆန့်ကျင် ရပ်တည်သူ ဖြစ်ပါသည်။ အနစ်နာခံ၍ နောက်ဆုတ်တတ်သူ အမျိုးအစား မဟုတ်ပါ။ ၎င်းအမှုသည်သည် လုယက် သောင်းကျန်းသူ ဖြစ်နိုင်သည်။ လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားကို ဖျက်ဆီးသူ ဖြစ်နိုင်သည်။ သို့တည်းမဟုတ် လူ့အဖွဲ့အစည်းတွင် မလိုလားအပ်သူတစ်ဦးပင် ဖြစ်ကောင်း ဖြစ်နိုင်သည်။ ယင်းသို့သောသူတစ်ဦး ဖြစ်သည် ဆိုကာမျှဖြင့် ထိုသူ၏ အမှုအားလိုက်ပါ ဆောင်ရွက်ခြင်း၊ တစ်နည်းအားဖြင့် ထိုသူအား ဥပဒေအရ အကူအညီပေးခြင်းကို ငြင်းဆိုရန် မဟုတ်ပါချေ။

ရှေ့နေသည် တရားသူကြီး မဟုတ်ပါ။ အပ်နှံလာသော အမှုအဖြစ်အပျက်နှင့် အမှုသည်၏ ညွှန်ကြားချက်များအရ မိမိအမှုသည် တရားခံသည် စွဲဆိုသော ပြစ်မှုဖြင့် အပြစ်ရှိထိုက်သူဟု ခံစားမိသည့်တိုင် အမှုကို အပ်နှံလာလျှင် တစ်နည်းအားဖြင့် တာဝန်ပေးအပ်လာလျှင် ၎င်းအမှုသည်အတွက် ဥပဒေ အကူအညီ ပေးအပ်ရမည်သာ ဖြစ်ပါသည်။ အမှုအကြောင်းအရာ အချက်အလက်များအပေါ် အပြစ် ရှိ မရှိ အဆုံးအဖြတ်ပြုရန် မဟုတ်၊ မိမိအမှုသည်၏ ဥပဒေပါ အခွင့်အရေးကို အရေးဆို တောင်းခံပေးရန် ဖြစ်ပါသည်။

မိမိအမှုသည် တရားခံသည် စွဲဆိုသည့် ပြစ်မှုဖြင့် အပြစ်ရှိသူ ဖြစ်သည်ဟု စဉ်းစားတွေးခေါ်ပြီး အမှုတွင် ခံစစ်သက်သက်ဖြင့် လိုက်ပါဆောင်ရွက်ခြင်း မပြုအပ်ပါ။ မိမိတရားခံမှာ စွဲဆိုသည့် ပြစ်မှုဖြင့် အပြစ်ဒဏ် ထိုက်သင့်သူ မဟုတ်ဟု စဉ်းစားထားပါမှ အမှု ခုခံရာတွင် ပိုမိုဆီလျော် ကောင်းမွန်သည့် ခုခံရေးလမ်းကြောင်းကို ရွေးချယ်ထားနိုင်ပါလိမ့်မည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ငှားရမ်းလာသည့် အမှုအား လိုက်ပါ ဆောင်ရွက်လိုသောဆန္ဒ မရှိလျှင် ထိုအမှုသည်ထံမှ ညွှန်ကြားချက် မယူဘဲ ငြင်းဆိုရန် ရှေ့နေတာဝန်ပင် ဖြစ်သည်။ ထိုသို့ မငြင်းဆိုပါလျှင် ထိုအမှုမျိုးအတွက် အမှုသည်၏ ညွှန်ကြားချက်အား ပြည့်စုံစွာနှင့် ကောင်းမွန်စွာ ပြင်ဆင်ရပါလိမ့်မည်။ စိတ်ပါလက်ပါ ပြင်ဆင် ပြုစုထားသော အမှုလိုက် အဆင်အပြင်ဖြင့် စနစ်တကျ လိုက်ပါ ဆောင်ရွက်လိုက်ခြင်းသည် စိတ်မပါတပါဖြင့် လိုက်ပါရသည့် အမှုပေါင်း ၁၀ မှု၏ တန်ဖိုးခန့်နှင့် ညီမျှပါသည်။ ရှေ့နေသည် တရားရုံးအရာရှိ အဖြစ်သာ မဟုတ် အမှုသည်၏ အကျိုးကို ထမ်းရွက်သူ ဖြစ်သည်ကိုလည်း မမေ့သင့်ပါ။

ရှေ့နေတစ်ဦးသည်မိမိ လုပ်နိုင်ကိုင်နိုင်သည့် အတိုင်းအတာအတွင်းမှ မိမိအမှုသည်အတွက်၊ မိမိ၏ အသက်မွေးလုပ်ငန်းအတွက်၊ မိမိနိုင်ငံအတွက် အကောင်းဆုံး အမှုထမ်းရွက်ကြရန် တာဝန်ရှိပါသည်။ သို့ဖြစ်ရာ မိမိအမှုသည်ကို မိမိကိုယ်တိုင် မယုံမကြည် ဖြစ်နေလျှင် အမှုလက်ခံလိုက်ပါခြင်း မပြုသင့်ပါ။ မယုံမကြည်စိတ်ဖြင့် အလုပ်လုပ်ရသည့်အခါ ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းနိုင်စွမ်းအား လျော့ကျနေမည် ဖြစ်ကာ စည်းကမ်း၏ တန်ဖိုးကိုလည်း မလေးစားချင်တော့ပါ။

ရှေ့နေကောင်း ဆိုသည်မှာ လူတော်လူကောင်း အရည်အသွေးနှင့် ပြည့်စုံပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)
# ဥပဒေ၏ သဘာဝ

mgyoe.com

mgyoe.com SAMPLE BOOK



ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ကို လေ့လာလျှင် ယင်းပြဋ္ဌာန်းချက် သက်သက်ကိုသာမက ဘာကြောင့် ပြဋ္ဌာန်းရသည် ဆိုသည့် အရင်းအမြစ်ကိုပါ လေ့လာကြရပါသည်။ တစ်နည်းအားဖြင့် ဥပဒေပြုရခြင်း၏ အရင်းအမြစ်များ၊ ဤဥပဒေ မပြဋ္ဌာန်းမီက အမှုပါ ကြောင်းခြင်းရာနှင့် ပတ်သက်၍ လိုက်နာခဲ့ကြသည့် ဓလေ့ထုံးစံ၊ ဆုံးဖြတ်ခဲ့သည့် သာဓက ဆုံးဖြတ်ချက်တို့ကိုပါ လက်လှမ်းမီသမျှ လေ့လာသိရှိထားခြင်းဖြင့် အမှုလိုက်ပါ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့သည်နှင့်အမျှ အောင်မြင်နိုင်ပါလိမ့်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၂)
## ဥပဒေ၏ သဘာဝ

### ပြဋ္ဌာန်းဥပဒေ

ဖွဲ့စည်းပုံ အခြေခံဥပဒေ ပညာရှင် A.V. Dicey က ဥပဒေပြု ပါလီမန် တစ်ရပ်၏ ဥပဒေပြုပိုင်ခွင့် အာဏာကို ချုပ်ချယ် ကန့်သတ်ထားခြင်း မရှိစေရဟု ရေးသား ဖော်ပြဖူးပါသည်။ ပါလီမန်တစ်ရပ်သည် ၎င်းစိတ်တိုင်းကျ ဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့် ရှိပါသည်။ ထိုရေးဆွဲပြဋ္ဌာန်းလိုက်သမျှ ဥပဒေသည် အချုပ်အခြာအာဏာကို ကိုယ်စားပြု ပြဋ္ဌာန်းခြင်း ဖြစ်သည့်အတွက် အာဏာသက်ဝင်သည်သာ ဖြစ်ပါသည်။

ယင်းသို့ အာဏာရှိလင့်ကစား ဥပဒေပညာရှင် D. Bose ကမူ ယခု ရေးဆွဲပြဋ္ဌာန်းလိုက်သော ဥပဒေတစ်ရပ်သည် နောင်ဆက်ခံမည့် ပါလီမန်များအတွက် အဆိုပါ ဥပဒေပါ အကြောင်းခြင်းရာ (same topic) အပေါ် ဆက်လက်ဥပဒေပြုရာတွင် ခက်ခဲ ကျပ်တည်းမှုများ မဖြစ်ပေါ်စေသင့်ကြောင်း ရေးသားထားပါသည်။[၁] Acts derogatory to the power of subsequent parliaments bind not ဟူသော ဆိုရိုးစကားကို ကိုးကား၍ ဖော်ပြခြင်း ဖြစ်ပါသည်။ နောင်ဆက်ခံမည့် ပါလီမန်များ၏ အာဏာကို မထိခိုက်စေရန် ဖြစ်ပါသည်။

---

၁။ English Constitutional Law, D. Bose 6th ed — p.25-28



mgyoe.com

mgyoe.com
SAMPLE BOOK

ယေဘုယျအားဖြင့် ပါလီမန်များ၏ ဥပဒေပြုခွင့် အာဏာကို ကန့်သတ်ထားသည့် အကန့်အသတ်နယ်ပယ် နှစ်ရပ် ရှိပါသည်။ ဤသို့ ဆိုလိုက်ခြင်းကြောင့် အချုပ်အခြာအာဏာကို ကန့်သတ်သည်ဟု ယူဆရန် မဟုတ်ပါ။

ပထမ အကန့်အသတ် နယ်ပယ်မှာ 'ပြင်ပနယ်ပယ်၏ ကန့်သတ်ခြင်း'ဟု ဆိုကြပါသည်။ ယင်းမှာ မိမိ ပြဋ္ဌာန်းလိုက်သည့်ဥပဒေကို လိုက်နာရမည့်သူများက လက်ခံ ကျင့်သုံးနိုင်မည့် အလားအလာ၊ တစ်နည်းအားဖြင့် မလိုက်နာဘဲ ခုခံ ငြင်းဆန်နိုင်မည့် အလားအလာကို စဉ်းစားရခြင်း ဖြစ်ပါသည်။ အများနားလည် လက်ခံထားသော အယူအဆများ၊ လွတ်လပ်ခွင့်များကို မျက်မြင်အားဖြင့်ပင် ဆန့်ကျင် ချိုးဖောက်ထားသည့် ဥပဒေ ဖြစ်နေပါလျှင် အာဏာဖြင့် ပြဋ္ဌာန်းထားသောကြောင့် လိုက်နာရန် တာဝန်ရှိသည်ဟု ဆိုကြစေကာမူ ထိုဥပဒေ၏ခိုင်မာမှုအပေါ် အကဲစမ်းသည့် ဆန့်ကျင်မှုများ တွေ့ကြုံရမည်သာ ဖြစ်ပါသည်။ မျက်မှောက်ခေတ် ပါလီမန် အများစုသည် ဓနအင်အား အခြေပြု လူ့လတ်တန်းစားအလွှာ၏ အကဲစမ်းမှုမျိုး၊ ငြင်းဆန် တုံ့ပြန်မှုမျိုး ဖြစ်လာနိုင်သည့် အနေအထားအား ရှောင်ရှားသော ဥပဒေတစ်ရပ် ပြဋ္ဌာန်းရန် မစွန့်စားတတ်ကြပါချေ။

ဒုတိယ အကန့်အသတ်မှာ 'အတွင်းနယ်ပယ်သတ်ခြင်း' ဖြစ်ပါသည်။ ပါလီမန် ဆိုသည်မှာ နယ်ပယ်၊ အလွှာအသီးသီးကို ကိုယ်စားပြု၍ တက်ရောက်လာသူများနှင့် ဖွဲ့စည်းထားခြင်း ဖြစ်ရာ တစ်ဦးနှင့် တစ်ဦး အယူအဆ၊ အတွေးအခေါ် အစဉ်သဖြင့် တူညီနေနိုင်မည် မဟုတ်ပါ။ ထို မတူညီသော အယူအဆ၊ အတွေးအခေါ်သည်ပင်လျှင် ပါလီမန်၏ ဥပဒေပြုခွင့်ကို ကန့်သတ်နေခြင်း ဖြစ်ပါသည်။[၁]

A.V. Dicey က ဥပဒေပြုရာတွင် မဖြစ်မနေ ကြုံတွေ့ရမည့် အခက်အခဲများကိုလည်း ပါလီမန်၏အာဏာ ကန့်သတ်ခံရခြင်းများအဖြစ် ဆက်လက် ဖော်ပြသည်များ ရှိပါသေးသည်။ ယင်းမှာ ပထမဆုံး

၁။ Ibid p.25

mgyoe.com

mgyoe.com SAMPLE BOOK

အားဖြင့် အုပ်ချုပ်ရေးအဖွဲ့ (Cabinet) နှင့် အားပြိုင်မှု ဖြစ်ပါသည်။ ဥပဒေပြုရေးအဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့သည် တစ်ဖွဲ့က အာဏာ အားလျော့လျှင် အခြားတစ်ဖွဲ့က အာဏာ ပို၍ရယူသည်သာ ဖြစ်သည်။ အုပ်ချုပ်ရေးအဖွဲ့က ပါလီမန်၏ အမတ်အများစု (Strong Majority) ကို ခြေကုပ်ယူကာ လွှမ်းမိုးမိပြီ ဆိုပါလျှင် ယင်းအင်အားစုသည် ထိုပါလီမန်တွင် ဥပဒေပြုခွင့်နယ်ပယ်၏ အကန့်အသတ်များအဖြစ် ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။

ရွေးကောက်ပွဲကို နိုင်ငံရေး အချုပ်အခြာအာဏာ၏ ပြယုဂ်ဟု ဆိုကြပါသည်။ ရွေးကောက်ပွဲ အဖြေကို ပါလီမန်များက ငြင်းဆန်ခွင့် မရှိပါ။ ဤအချက်မှာလည်း ပါလီမန်၏ ဥပဒေပြုရေးတွင် အကန့်အသတ် ဖြစ်ပေါ်စေသည့် နယ်ပယ်တစ်ရပ် ဖြစ်ပါသည်။

နောက်တစ်ချက်မှာ စီးပွားရေး ရည်မှန်းချက်၊ နိုင်ငံရေး ရည်မှန်းချက်များဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်းများ၏ လွှမ်းမိုးလာမှုများ ဖြစ်ပါသည်။ အခြေအနေကို အမှန်အတိုင်း ရှုမြင်မည် ဆိုပါက မျက်မှောက်ခေတ်တွင် အကျိုးစီးပွားနှင့် သက်ဆိုင်သော မည်သည့် ဥပဒေကြမ်းတစ်ရပ်ကို ရေးဆွဲရာတွင်မျှ ဆိုင်ရာလုပ်ငန်းခွင်အလိုက် ကိုယ်စားပြု တည်ရှိပြီး ဖြစ်သည့် လုပ်ငန်းအဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းခြင်း၊ သဘောထား ရယူခြင်းတို့အား ရှောင်လွှဲမရသည်ကို တွေ့နိုင်ပါသည်။

ထို့ပြင် လွတ်လပ်စွာ ရေးသား ထုတ်ဝေခွင့် တစ်နည်းအားဖြင့် မီဒီယာ၏နယ်ပယ် ကျယ်ပြန့်မှုသည်လည်း စဉ်းစားထိုက်သည့်နယ်ပယ် ဖြစ်ပါသည်။ ဥပဒေပြုရေး လုပ်ငန်းစဉ်တစ်လျှောက်လုံးကို မီဒီယာ၏ ပြည်သူ့အာဘော် ထုတ်ပြန်မှုများဖြင့် ဆန်းစစ်နေပါလိမ့်မည်။ မီဒီယာ၏ ထက်မြက်သော ဝေဖန် ထောက်ပြမှုများဖြင့် (အုပ်ချုပ်နေသူများအပေါ် နည်းတူ) ဥပဒေပြု အဖွဲ့ဝင်များအပေါ် နောင်လာမည့် ရွေးကောက်ပွဲအတွက် ပြည်သူ့အသံများ မွေးဖွားစေသည် ဖြစ်ရာ နောက်ရွေးကောက်ပွဲ ဝင်လိုသူ မည်သည့်ပါလီမန်အမတ်မဆို ဤသို့ မီဒီယာ၏ စူးရှသည့် ဝေဖန် ထောက်ပြခံရဖွယ် ရှိမှုကို မစဉ်းစားဘဲ နေမည် မဟုတ်ပါ။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်တစ်ချက်မှာ အပြည်ပြည်ဆိုင်ရာ ဥပဒေနယ်ပယ် ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနယ်ပယ်တွင် ပြဋ္ဌာန်း ဥပဒေများအရ ဖြစ်စေ၊ ကွန်ဗင်းရှင်းများအရ ဖြစ်စေ နိုင်ငံတစ်ရပ်စီ၏ အခွင့်အရေးများ ရှိနေရာ မည်သည့်ဥပဒေပြုပါလီမန်မျှ ယင်းနယ်ပယ်ကို ကျော်လွန်၍ ဥပဒေပြုကြမည် မဟုတ်ပါ။

နောက်ဆုံးတစ်ချက်မှာ တရားစီရင်ရေးမဏ္ဍိုင်၏ စီရင် ဆုံးဖြတ်မှုများ ဖြစ်ပါသည်။ တရားရုံးက ဆုံးဖြတ်သည် ဆိုရာတွင် -

(၁) လူတစ်ဦးချင်း တစ်ယောက်ချင်း၏ လွတ်လပ်စွာ သက်သေခံထွက်ဆိုခွင့်၊

(၂) ပစ္စည်းတစ်ရပ်ရပ်အား မည်သည့် အလျော်အစားမျှ မလိုဘဲ ရွှေ့ပြောင်း ဖယ်ရှားပစ်နိုင်ခွင့်၊

(၃) တရားရုံးက မိမိ၏ ဆောင်ရွက်နိုင်ခွင့် ရှိသည့် အခွင့်အာဏာကို စွန့်လွှတ်လိုက စွန့်လွှတ်နိုင်သည့် အခြေအနေတို့ကို တည်မှီနေပါသည်။

ဥပဒေ ပြဋ္ဌာန်းသည့် ရည်ရွယ်ချက်အတိုင်း တရားခွင်တွင် သက်ရောက်စေရမည် ဆိုပါက သက်ရောက်စေလိုသည့်အတိုင်း ဖြစ်ရမည့် အနေအထားကို ဥပဒေ၌ အတိအလင်း ဖော်ပြထားရပါလိမ့်မည်။ သို့မဟုတ်ပါက အထက်တွင် ဖော်ပြခဲ့သော အချက် သုံးရပ်ကြောင့် သွေဖည်သွားစေနိုင်ပါသည်။

ဥပဒေ ဆိုသည်မှာ အများ လိုက်နာနိုင်ရမည်၊ လက်တွေ့အကျိုးပြုနိုင်ရမည်၊ လူအများစုအရေးကို ရည်မှန်း၍ ပြုစုရမည်၊ ရှင်းလင်းရမည်၊ ရှေ့နောက် ညီညွတ်ရမည်၊ နောက်ကြောင်းပြန်ခြင်းထက် ရှေ့ဆောင်ရွက်ချက်များအပေါ် အကျိုးသက်ရောက်ရေး ရှေးရှုရမည်၊ အတင်းအကျပ်ပြု လိုက်နာစေနိုင်ရမည်၊ သဘောတရားနှင့် လက်တွေ့ ကျင့်သုံးနိုင်မှုနယ်ပယ် ကွာဟမှုအား ဖြစ်နိုင်သမျှ ကျဉ်းမြောင်းစေရမည် စသည်ဖြင့် ဥပဒေတစ်ခု၏ အင်္ဂါရပ်များ ရှိပါသည်။[၁] သို့ဖြစ်ရာ ဥပဒေတစ်ရပ်

---

၁။ Asean Discourses of Rule of Law; Randell Pusenboom — p.17

mgyoe.com

mgyoe.com SAMPLE BOOK

ပြဋ္ဌာန်းရေး လုပ်ငန်းစဉ်မှာ လွယ်ကူချောမွေ့စွာ ပြီးမြောက်သည် ဟူ၍ မရှိပါ။

မည်သို့ဆိုစေကာမူ ဥပဒေပြုပိုင်ခွင့်ရှိသူက ဥပဒေအဖြစ် ထုတ်ပြန်ပြဋ္ဌာန်းလိုက်သည်နှင့် ထိုဥပဒေပါ စကားလုံးများမှာ သာမန် စကားလုံးများ မဟုတ်တော့ပါ။ နိုင်ငံတော်၏အာဏာ စီးဝင်နေသည့် စကားလုံးများ ဖြစ်ခဲ့ပါပြီ။ သဘောတူသည် ဖြစ်စေ၊ မတူသည် ဖြစ်စေ ထိုစကားလုံးများ၏ အမိန့်အတိုင်း လိုက်နာကြရပါသည်။ မလိုက်နာလျှင် 'အပြစ်' ဖြစ်ပါသည်။ သို့ဖြစ်ရာ ပြဋ္ဌာန်းဥပဒေတစ်ရပ်တွင် ပါရှိသော စကားလုံးများ၊ အစိတ်အပိုင်းများ၏ သူ့အတိုင်းအတာနှင့်သူ အာဏာစက်ကို သေချာစွာ သိရှိထားရန် လိုအပ်လာပါသည်။ N.S. Bindra ၏ Interpretation of Statute[၁] စာအုပ်အား ကိုးကား၍ ကောက်နုတ် ဖော်ပြလိုက်ပါသည်။

ဥပဒေတစ်ရပ်၏ အစိတ်အပိုင်းများအဖြစ် -

(၁) ဥပဒေ၏ နာမည်၊
(၂) အခန်းလိုက် ခေါင်းစဉ်၊
(၃) နိဒါန်း၊
(၄) အဓိပ္ပာယ် ဖွင့်ဆိုချက်၊
(၅) ခေါင်းစဉ်ငယ်များနှင့် ဘေးမှတ်စုများ၊
(၆) ပြဋ္ဌာန်းချက်များ၊
(၇) သင်္ကေတများ၊
(၈) ဥပမာများ၊
(၉) ခြွင်းချက်များ၊
(၁၀) ရှင်းလင်းချက်များ၊
(၁၁) အထွေထွေ

စသည်ဖြင့် ပိုင်းခြား တွေ့ရှိနိုင်ပါသည်။

---

၁။ The Interpretation of Statutes; N.S. Bindra, 5th edition; p.17

mgyoe.com

mgyoe.com
SAMPLE BOOK

## ဥပဒေ၏ နာမည်

ဥပဒေ၏ နာမည်မှာ ဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ငြင်းဆို၍ မရပါ။ အရေးလည်း ကြီးပါသည်။ အချို့ဥပဒေ၏ နာမည်မှာ အလွန် ရှည်လျားပါသည်။ ရှေးယခင် အယူအဆတစ်ရပ်မှာ အလွန် ရှည်လျားသော နာမည်တွင် ပါသော စကားလုံးများသည် အာနိသင်ရှိသည့် အစိတ်အပိုင်း မဟုတ်ဟု ရှိခဲ့ဖူးပါသည်။ ယနေ့အခါ၌ နာမည်တွင် အဓိပ္ပာယ် ပြည့်ပြည့်စုံစုံ ပါဝင်သင့်သည်ဟု သဘောထား ကျင့်သုံးသည်များလည်း ရှိပါသည်။ ဥပဒေ၏ နာမည်သည် ပြည့်ပြည့်စုံစုံဖြင့် ရှည်လျားစွာ ရှိနေပါက ဤဥပဒေ ပြဋ္ဌာန်းရသည့် အဓိပ္ပာယ်ကို ရည်ညွှန်းပြီး ဖြစ်သည်မှာ မှန်ပါသည်။ သို့ရာတွင် ဤသို့ ညွှန်ပြနိုင်ခြင်းသာ ရှိပြီး နာမည်၏ နောက်တွင် ဆက်လက် ပြဋ္ဌာန်းချက်များ (operative portions) ကိုမူ ထိန်းချုပ်နိုင်ခြင်း မရှိပါ။

ဥပဒေပညာရှင် Lord Thorning ကမူ ယင်း၏စာအုပ်တွင် ပါလီမန်များသည် ဥပဒေ ပြဋ္ဌာန်းရာတွင် ဥပဒေ၏နာမည်ကို တိုတိုသာ ပြဋ္ဌာန်းသင့်သည်၊ နာမည်၏အဆုံးတွင် ပြဋ္ဌာန်းသည့် ခုနှစ်ကို ဖော်ပြသင့်သည်၊ ဥပဒေ ပြဋ္ဌာန်းရသည့် အကြောင်းကို သင့်လျော်ရာ ပုဒ်မ တစ်ရပ်ဖြင့် ဖော်ပြရန် ဖြစ်သည်၊ ဥပဒေ၏နာမည် ဆိုသည်မှာ ကိုးကားသူအတွက် အလွယ်တကူ ရည်ညွှန်းရန်သာ ဖြစ်စေသင့်သည်။ ဥပဒေ၏ နာမည်သည် အမှန် သိရှိစေလိုသည့်အမည်ကို ကိုယ်စားပြု ပြဋ္ဌာန်းလိုက်သော အညွှန်းနာမည် (Statutory nickname) သာ ဖြစ်သင့်သည်ဟု ဖော်ပြထားပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းခဲ့ပြီးသော ဥပဒေများ၏ နာမည်များကို လေ့လာမည် ဆိုပါက အလွန်ရှည်လျားသော နာမည်၊ အလွန် တိုတောင်းသော နာမည်တို့ကို လည်းကောင်း၊ ရည်ရွယ်ချက် ဖော်ပြထားသော နာမည်၊ အညွှန်းနာမည်မျှလောက်သာ ဖော်ပြထားသော နာမည်တို့ကို လည်းကောင်း အုပ်စုအလိုက် တွေ့ရှိနိုင်ပါသည်။ ဥပဒေ၏ နာမည်သည် ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များကို စဉ်းစားရာ

mgyoe.com

mgyoe.com
SAMPLE BOOK

တွင် ရည်ညွှန်းအဖြစ်သာ အာနိသင်ရှိပြီး ဤနာမည်ကြောင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၏ အာဏာကို ကျုံ့ခြင်း ကျယ်ခြင်း မဖြစ်စေနိုင်ဟု မှတ်သားရပါသည်။

အကယ်၍ ပြဋ္ဌာန်းချက်များသည် ရှင်းလင်းနေပါက နာမည်ကို ရည်ညွှန်းရန် မလိုပါ။ ပြဋ္ဌာန်းချက်များမှာ ဝိဝါဒမကွဲ ဖြစ်နေလျှင်မူကား ဥပဒေ၏နာမည်ကို ညွှန်ပြ သုံးစွဲနိုင်ပါမည်။ ဤအခါတွင် ပြဋ္ဌာန်းချက်များ၏ ရှေ့နောက် မညီညွတ်မှုများကိုပင် ဆီလျော်ညီညွတ်သွားစေနိုင်ပါသည်။

## အခန်းလိုက်ခေါင်းစဉ်

ဤအခန်းတွင် ပြဋ္ဌာန်းမည့် ပြဋ္ဌာန်းချက်များ၏ ရည်ရွယ်ချက်အမှန်ကို ဖော်ပြပေးသည်။ ခေါင်းစဉ်ပါ စာသားသည် ပုဒ်မ ပြဋ္ဌာန်းချက်များတွင် ပါရှိသော စကားလုံးများကဲ့သို့ 'အဆုံးဖြတ်ပြုရန်' ဖော်ပြချက် မဟုတ်ပါ။ ဤအခန်းပါ ပုဒ်မ ပြဋ္ဌာန်းချက်များအကြောင်းကို လမ်းပြသည့် ဖော်ပြချက်သာ ဖြစ်ပါသည်။ ပြဋ္ဌာန်းချက်များပါ စကားလုံးအား အဓိပ္ပာယ်ကောက်ယူရာတွင် ညီညွတ်စေရန် အခန်းလိုက် ခေါင်းစဉ်ကို ရည်ညွှန်းနိုင်သော်လည်း တစ်ရပ်နှင့် တစ်ရပ် မညီမညွတ်ဖြစ်နေပါမူကား ပြဋ္ဌာန်းချက်ကို မလွှမ်းမိုးနိုင်ပါ။ ဤအချက်နှင့် စပ်လျဉ်း၍ ၁၉၇၂ ခုနှစ်တွင် ဆုံးဖြတ်ခဲ့သော စီရင်ထုံး (၁၉၇၂ မစတ - ၂၃) ပါ သုံးသပ်ချက်ကို ဖော်ပြလိုပါသည်။

အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးကို လက်ထပ်ယူပါမည်ဟု အယုံသွင်း၍ ကာမ ရယူပြီးနောက် လက်ထပ်ရန် ငြင်းဆိုခြင်းသည် ရာဇသတ်ကြီး ပုဒ်မ ၄၁၇ အရ လိမ်လည်မှု မြောက်နိုင် မမြောက်နိုင် ဆိုသော ပြဿနာတွင် ရှေ့နေချုပ်ကိုယ်စား အစိုးရရှေ့နေ ဒေါက်တာ မျိုးထွန်းလင်းက ရာဇသတ်ကြီး ပုဒ်မ ၄၁၅ နှင့် ၄၁၇ တို့သည် ပစ္စည်းနှင့် ပတ်သက်သော ပြစ်မှုများ ပြဋ္ဌာန်းသည့် ရာဇသတ်ကြီး အခန်း (၁၇) တွင် ပါဝင်ကြောင်း၊ ပုဒ်မ ၄၁၅ ၏ ဥပမာများတွင်လည်း ပစ္စည်းနှင့် စပ်လျဉ်း၍ လိမ်လည်လှည့်ဖြားသည့်ကိစ္စများကိုသာ ဖော်ပြထားသဖြင့်

mgyoe.com SAMPLE BOOK

လှည့်ဖြား၍ အမျိုးသမီး၏ ကာမကို ရယူခြင်းကြောင့် အမျိုးသားသည် ရာဇဝတ်မှု ကျူးလွန်ရာမရောက်ကြောင်း တင်ပြခဲ့သည်။

တရားရုံးချုပ် သုံးပါးထိုင် စုံညီခုံရုံးက ဥပဒေတစ်ရပ်၏ ပုဒ်မတစ်ခုကို အဓိပ္ပာယ်ကောက်ယူရာ၌ ထိုဥပဒေ၏ ခေါင်းစီးအား ယင်းဥပဒေများ ပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်ကို ခန့်မှန်းရာတွင် လမ်းညွှန်သဖွယ် အသုံးပြုနိုင်မည် ဖြစ်သော်လည်း ခေါင်းစီးသည် ဥပဒေပါ စကားရပ်၏ တစ်စိတ်တစ်ဒေသ မဟုတ်သဖြင့် ဥပဒေ၏ စကားရပ်များမှာ ရှင်းလင်း ပြတ်သားနေလျှင် ခေါင်းစီးသည် ထိုဥပဒေပါ စကားရပ်များကို မလွှမ်းမိုးနိုင်ပေ။ ဥပမာများတွင်လည်း ဥပဒေက ဆိုလိုသည့် အချက်အလက် အားလုံး မပါဝင်နိုင်။ သို့ဖြစ်ရာ ပုဒ်မ ၄၁၅ သည် ပစ္စည်းနှင့် ပတ်သက်သည့် ခေါင်းစီး ပါသော အခန်းအောက်တွင် ရှိသည့် အကြောင်းကြောင့် ပစ္စည်းနှင့် မပတ်သက်သော ပြစ်မှုနှင့် အကျုံးမဝင်ဟု မဆိုနိုင်ချေ။

## နိဒါန်း

နိဒါန်းကို ဤဥပဒေ ပြဋ္ဌာန်းရခြင်း၏ အကြောင်းရင်းနှင့် ရည်ရွယ်ချက်အား ပြသနိုင်ရန် ရေးဆွဲ ပြဋ္ဌာန်းခြင်း ဖြစ်ပါသည်။ ရည်ရွယ်သည့် အတိုင်း လိုက်နာကျင့်သုံးကြနိုင်ရေးကို ရှေးရှုစေပါသည်။ ပညာရှိ ရှေ့နေကြီးများက နိဒါန်းကို ဥပဒေ၏ အစိတ်အပိုင်းတစ်ခုအဖြစ် အလေးအနက်ထား၍ စဉ်းစားကာ ဥပဒေပြုအဖွဲ့က ရည်ရွယ်မှန်းထားသည့်အချက်အား ဖွင့်လှစ်သည့်'သော့'အဖြစ် ကျင့်သုံးလေ့ရှိကြပါသည်။ အချို့သော ဥပဒေပညာရှင်များကမူ နိဒါန်း ဆိုသည်မှာ ပြဋ္ဌာန်းလိုက်သည့် ဥပဒေတွင် ပါဝင်သော အစိတ်အပိုင်း ဖြစ်သည့်တိုင် ယင်း၏ အာနိသင်မှာ 'ဥပဒေနာမည်'၏ အာနိသင်ကဲ့သို့သာ ဖြစ်သည်ဟု ဆိုပါသည်။

မည်သို့ပင် ဆိုစေကာမူ ဥပဒေတစ်ရပ်၏ နိဒါန်းပါ ရေးသားချက်များသည် အောက်တွင် ပြဋ္ဌာန်းလိုက်သည့်ပြဋ္ဌာန်းချက်များအား ရှေ့ပြေးအဖြစ် စကားဦးသန်း ဖော်ပြချက်များ ဖြစ်ပါသည်။ ထိုပြဋ္ဌာန်းချက်များကို ပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်နှင့် အကျိုးအကြောင်းပြချက်များအား

mgyoe.com

mgyoe.com
SAMPLE BOOK

နိဒါန်းပါ ဖော်ပြချက်များဖြင့် ဖော်ထုတ်နိုင်မည် ဖြစ်ပါသည်။ သတိထားရန် တစ်ရပ်မှာကား အကယ်၍ ပြဋ္ဌာန်းချက်ပါ စကားရပ်များ၏ အငြင်းပွားရန် မရှိအောင် ရှင်းလင်းနေပါလျှင် နိဒါန်းပါ ဖော်ပြချက်များဖြင့် ထိုရှင်းလင်းပြီး အဓိပ္ပာယ်ကို အချေအတင် တင်ပြနေခြင်းဖြင့် အချိန်ကို မကုန်ဆုံးစေသင့်ပါ။ တရားတဘောင် စွဲဆိုကြသည့် မှုခင်းများတွင် နိဒါန်းကို အကျယ်အဓိပ္ပာယ်ဖွင့်၍ ကိုးကားခြင်းမှာ ခိုင်မာမှု မရှိသဖြင့် လိုအပ်ပါလျှင် အညွှန်းအဖြစ်သာ ဖော်ပြသင့်ပါသည်။

ဥပဒေပညာရှင် N.S. Bindra က နိဒါန်းနှင့် စပ်လျဉ်း၍ အောက်ပါ အချက်များကို ဖော်ပြထားပါသည် -

(၁) ဥပဒေတွင် နိဒါန်းကို ထည့်သွင်း ပြဋ္ဌာန်းရသည့် ဥပဒေပြုအဖွဲ့၏ ရည်ရွယ်ချက်ကို ယေဘုယျအားဖြင့် လမ်းညွှန် ပြသရန် ဖြစ်သည်။

(၂) နိဒါန်းသည် ပြဋ္ဌာန်းလိုက်သည့် ဥပဒေအရ အရေးယူရန် ပေါ်ပေါက်လာသော အဖြစ်အပျက်များ၊ ဖြစ်စဉ်များကို အဆုံးအဖြတ်ပြုရန် ပြဋ္ဌာန်းချက် မဟုတ်။

(၃) ဥပဒေပါ၊ ပြဋ္ဌာန်းချက်ပါ စကားရပ်များသည် အဓိပ္ပာယ် ခိုင်ခိုင်မာမာ ရှိနေပြီးလျှင် နိဒါန်းတွင် ဖော်ပြ ပါရှိသော စကားရပ်များ၏ အဓိပ္ပာယ် အတိုင်းအတာထက် ကျော်လွန်စေနိုင်သည်။

(၄) ပြဋ္ဌာန်းဥပဒေပါ စကားလုံးများအား ရှင်းလင်း ဖွင့်ဆိုရာတွင် ထိုစကားလုံး၏ အဓိပ္ပာယ်အား ထိန်းချုပ်ရန်၊ ပြောင်မြောက်စေရန်၊ ပြောင်းလဲရန်၊ အားလျော့စေရန် နိဒါန်းပါ ဖော်ပြချက်များဖြင့် ဖြည့်စွက်နိုင်သည် မဟုတ်။

(၅) နိဒါန်းပါ ယေဘုယျ ဖော်ပြချက်များသည် ဤဥပဒေအရ ဆောင်ရန်၊ ရှောင်ရန် ဖော်ပြချက်များနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များအပေါ် လွှမ်းမိုးနိုင်ခြင်း မရှိ။

(၆) ရံဖန်ရံခါတွင် နိဒါန်းသည် အဓိပ္ပာယ် ကျယ်ဝန်းနေတတ်ပြီး ပြဋ္ဌာန်းချက်များထက် ကျော်လွန်နေတတ်ပါသည်။ တရားရုံး

mgyoe.com

mgyoe.com
SAMPLE BOOK

များသည် ပြဋ္ဌာန်းချက်ပါ ဝေါဟာရများ၏အဓိပ္ပာယ်ထက် ပိုမို ချဲ့ထွင်ခွင့် မရှိပါ။ တရားရုံး ဆိုသည်မှာ ဥပဒေကို အဓိပ္ပာယ် ဖွင့်ရာအရပ် ဖြစ်သည်။ ဥပဒေပြုရာအရပ် မဟုတ်ပါ။

(၇) ဥပဒေတစ်ရပ်အား အခါအားလျော်စွာ ပြင်ဆင်ရသည်များ ရှိပါသည်။ ဤအခါတွင် အသစ် ပြင်ဆင်လိုက်သည့် ပြင်ဆင် ချက်သည် မူလ ဥပဒေပါ နိဒါန်းနှင့် မကိုက်ညီသည်များ ရှိ ပါလျက် နိဒါန်းကိုမူ ပြင်ဆင်ခြင်း မပြု၊ ယင်းသို့ နိဒါန်းကို ပြင်ဆင်ခြင်း မပြုရုံမျှဖြင့် ဥပဒေပြုအဖွဲ့သည် ဥပဒေ၏ မူလ ရည်ရွယ်ချက်ကို မပြောင်းလဲပါဟု အဓိပ္ပာယ် သက်ရောက်စေ သည် မဟုတ်ပါ။ ထို့ကြောင့်ပင် အသစ် ပြင်ဆင်လိုက်သည့် ပြဋ္ဌာန်းချက်အပေါ် မူလနိဒါန်းဖြင့် အဓိပ္ပာယ် ကန့်သတ်ခြင်း၊ ဝေါဟာရအဓိပ္ပာယ် ပြောင်းလဲစေခြင်း မပြုနိုင်ပါ။

(၈) ဥပဒေတွင် ပါရှိသော အသုံးအနှုန်းသည် အဓိပ္ပာယ် အမျိုးမျိုး ထွက်နေသဖြင့် ယင်းအသုံးအနှုန်းအား ရှင်းလင်းရန် လိုအပ် လျှင် ဖြစ်စေ၊ ယင်းအသုံးအနှုန်း၏ အတိုင်းအတာကို ဖွင့်ဆိုရန် လိုအပ်လျှင် ဖြစ်စေ၊ ထို့ပြင် ယင်းပြဋ္ဌာန်းချက်ပါ အသုံးအနှုန်း အား ချဲ့ထွင် ဖွင့်ဆိုရန် လိုအပ်လျှင် ဖြစ်စေ နိဒါန်းပါ စကားရပ် များသည် အထောက်အကူ ရနိုင်ပါသည်။

(၉) ဥပဒေတွင် ရှင်းရှင်းလင်းလင်း ဖော်ပြထားသည့် ပြဋ္ဌာန်းချက် တစ်ရပ်သည် ယေဘုယျဆန်နေသဖြင့် ကန့်ကန့်သတ်သတ် ဖြစ်စေရန် လိုအပ်သည် ဆိုပါလျှင်လည်း နိဒါန်းမှ အထောက် အကူယူနိုင်ပါသည်။

## အဓိပ္ပာယ် ဖွင့်ဆိုချက်

ဤဥပဒေတွင် ပါသော စကားလုံးများသည် ဤဥပဒေနှင့် စပ်ဆိုင်သရွေ့ ဤသို့သော အဓိပ္ပာယ် သက်ရောက်စေရမည် ဖြစ်ကြောင်း ဖွင့်ဆိုသည့် ပြဋ္ဌာန်းချက်များ ဖြစ်ပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဥပဒေ ဝေါဟာရများကို အဓိပ္ပာယ်ကောက်ယူရာတွင် ကျင့်သုံးရသော စကားရပ်များ အဓိပ္ပာယ် ဖွင့်ဆိုရေး အက်ဥပဒေ ဟူ၍ မြန်မာနိုင်ငံတွင် ၁၉၇၃ ခုနှစ်က ပြဋ္ဌာန်းခဲ့ပါသည်။ ယခင် ရှိခဲ့သည့် The General Clauses Act ကို အစားထိုး ပြဋ္ဌာန်းလိုက်သည့် ဥပဒေ ဖြစ်ပါသည်။ ဥပဒေများ၏ မိခင်ဥပဒေဟု ဆိုကြသော ဖွဲ့စည်းပုံ အခြေခံဥပဒေသည်ပင်လျှင် အနက်အဓိပ္ပာယ် ဖွင့်မည် ဆိုပါက စကားရပ်များ အဓိပ္ပာယ် ဖွင့်ဆိုရေး ဥပဒေကို ကိုးကားရပါသည်။ ပြဋ္ဌာန်းဥပဒေတိုင်းအားလည်း စကားရပ်များ အဓိပ္ပာယ်ဖွင့်ရေး ဥပဒေနှင့်အညီသာ အဓိပ္ပာယ် ကောက်ယူရပါသည်။ ပြဋ္ဌာန်းဥပဒေ အသီးသီးတွင် ပါဝင်သော အဓိပ္ပာယ်ဖွင့်ဆိုချက်များ အခန်းသည် ဤဥပဒေနှင့် သက်ဆိုင်သရွေ့ စကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေ၏ အစိတ်အပိုင်းအဖြစ် ကောက်ယူခွင့် ရှိပါသည်။

ဤအခန်းသည် ဘာသာစကား အသုံးအနှုန်းကိစ္စမှအပ အခြားပြဋ္ဌာန်းချက်များအား အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပေါ်ပေါက်သည့် အငြင်းပွားမှုများ ဖြေရှင်းသည့်အခါ ထိန်းချုပ်ပဲ့ကိုင်သည့်ကိရိယာ ဖြစ်ပါသည်။

ဤမည်သော ဝေါဟာရသည် ဤသို့ အဓိပ္ပာယ်သက်ရောက်စေရမည်ဟု ဖွင့်ဆိုထားပါက ဥပဒေတစ်ရပ်လုံးတွင် သုံးစွဲထားသော အဆိုပါဝေါဟာရသည် (အခြားဆန့်ကျင်သော အတိအလင်း ပြဋ္ဌာန်းချက် မရှိသမျှ) အဆိုပါ အဓိပ္ပာယ်အတိုင်းသာ ကောက်ယူရပါသည်။ ဝေါဟာရတစ်ရပ်၏ အရပ်သုံး အဓိပ္ပာယ်နှင့် ဥပဒေ ဖွင့်ဆိုချက် တူညီချင်မှ တူညီပါလိမ့်မည်။

ဥပဒေ ဆိုသည်မှာကား လူ့အသိုင်းအဝိုင်းတွင် ပေါ်ပေါက်မြဲ ဖြစ်သည့် ဖြစ်ရပ် အမျိုးအမည် အလုံးစုံအား တညီတညွတ်တည်း ခြုံငုံမိစေရန် လိုအပ်သည် ဖြစ်သည့်အတွက် ဝေါဟာရအဓိပ္ပာယ် ဖွင့်ဆိုချက်ဟူ၍ ပြဋ္ဌာန်းရခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် ရာဇသတ်ကြီး ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုချက် အခန်း၌ 'လက်ရှိ ဖြစ်ခြင်း' ဆိုသော စကားရပ်ကို ဖွင့်ဆိုချက်၊ 'လိင်' ဆိုသော စကားရပ်ကို ဖွင့်ဆိုချက် စသည်တို့

mgyoe.com

mgyoe.com SAMPLE BOOK

သည် ဥပဒေတစ်ရပ်လုံးတွင် အလွန်နက်ရှိုင်းစွာ စူးဝင်လျက် အာဏာ သက်ရောက်နေသည်ကို သာဓကအားဖြင့် လေ့လာတွေ့ရှိနိုင်ပါသည်။

ဤအခန်းတွင် အဓိပ္ပာယ်များကို ဖော်ပြရာ၌ -

'..... ဆိုရာတွင် ..... ကို ဆိုလိုသည်'

'..... ဆိုသည်မှာ ..... ကို ဆိုလိုသည်'

'..... ဆိုရာတွင် ..... ပါဝင်သည်'

'..... ဆိုရာတွင် ..... အဓိပ္ပာယ်သက်ရောက် ပါဝင်စေရမည်'

စသဖြင့် ရှင်းနိုင်သမျှ ရှင်းအောင် ရေးသား ဖော်ပြလေ့ရှိရာ သုံးစွဲထား သည့် အသုံးအနှုန်းကို သတိထားမိရန် လိုပါသည်။

ထင်မြင်လျှင်/ယုံကြည်လျှင် တူသော ပြဋ္ဌာန်းချက်များ တွေ့ရတတ် ပါသည်။ Deeming Clasuse ဟု ပြောကြပါသည်။ 'ဖြစ်ပွားလျှင်'၊ 'ဖြစ်ပွားသည်ဟု ထင်မြင်လျှင်'၊ 'ဖြစ်ပွားသည်ဟု ယုံကြည်လျှင်'တို့မှာ ဝေါဟာရ အဓိပ္ပာယ် မတူသော်လည်း ဥပဒေအရ အကျိုးဆက်မှာ အတူတူ ဖြစ်နေတတ်ပါသည်။ အဖြစ်အပျက်တစ်ရပ်ကို ဖော်ပြရာတွင် အမှန်တကယ် ဖြစ်ပွားသည်ကို ဖော်ပြခြင်းနှင့် ဖြစ်စဉ်ကို ယုတ္တိဗေဒ နည်းဖြင့် ကောက်ချက်ချ ဖော်ပြခြင်းဟုသာ ကွာခြားပါသည်။ အမှန်ဖြစ် စဉ်နှင့် ယုတ္တိအရ ဖြစ်စဉ်ကို ပိုင်းခြားသည့် ပြဋ္ဌာန်းချက်များ ဖြစ်ပါ သည်။ အမှန်ဖြစ်စဉ်တွင် မဖြစ်ပွားသည့်အရာသည် ယုတ္တိအရ ဖြစ်စဉ် ကြောင့် အမှန် ဖြစ်ဘိသကဲ့သို့ သက်ရောက်တတ်ပါသည်။

## ခေါင်းစဉ်ငယ်နှင့် ဘေးမှတ်စုများ

ပြဋ္ဌာန်းချက်များအလိုက် ခေါင်းစဉ်ငယ်များ ခွဲ၍ လည်းကောင်း၊ ပြဋ္ဌာန်း ချက်၏ ဘေးတွင် အကြောင်းအရာအညွှန်းအဖြစ် မှတ်စုတိုကလေးများ ဖြင့် လည်းကောင်း ဖတ်ရှုလေ့လာရာ၌ လွယ်ကူစေရန် ဖော်ပြချက်များ ပါရှိပါသည်။ ပြဋ္ဌာန်းချက်က ရှင်းလင်းနေသမျှ ယင်းအတိုင်းသာ ဖြစ်ပြီး ခေါင်းစဉ်က ဖြစ်စေ၊ ဘေးမှတ်စုက ဖြစ်စေ ပြဋ္ဌာန်းချက်အပေါ် လွှမ်းမိုး ကန့်သတ်နိုင်သည် မဟုတ်ပါ။

mgyoe.com

mgyoe.com
SAMPLE BOOK

နံဘေးမှတ်စု ဖော်ပြချက်သည် ဥပဒေပြုအာဏာပိုင်အဖွဲ့ဝင် အာဘော် မဟုတ်ဟု အချို့က ဆိုကြပါသည်။ ထို့ကြောင့်ပင် ယင်းတို့အား ဥပဒေ၏ အစိတ်အပိုင်းအဖြစ် ကောက်ယူရန် မဟုတ်ဟု ဆိုပါသည်။ သို့ရာတွင် အများလက်ခံသော သဘောထားမှာမူ ဘေးမှတ်စုများ၊ ခေါင်းစဉ်ငယ်များအား မူရင်း ပြဋ္ဌာန်းချက်နှင့် ယှဉ်တွဲ၍ အသုံးပြုမည်ဆိုပါက အဓိပ္ပာယ်ကောက်ယူခြင်းကို လွယ်ကူစေသည်ဟူ၍ပင် ဖြစ်ကြပါသည်။

ထို့ကြောင့်ပင် ဥပဒေ ရေးဆွဲသူများက မှတ်စုများ၊ ခေါင်းစဉ်ငယ်များ ပေးရာတွင် အလွန်သတိထားကြပါသည်။ မိမိဆိုင်ရာပုဒ်မ၏ ဆိုလိုချက်ကို ခြုံငုံမိသည့် အညွှန်းဖော်ပြချက် ဖြစ်ရမည် ဖြစ်ပြီး ဖတ်ရှုသူအတွက် တစ်ခဏ မြင်လိုက်ရုံဖြင့် သဘောပေါက်သွားစေရန် ပြုစုကြရပါသည်။ ဤအညွှန်းဖော်ပြချက် ဆိုသည်မှာ ပုဒ်မ တစ်ခုလုံးအား အကျဉ်းချုံး ဖော်ပြသော သံခိပ်သဘော မဟုတ်ကြပါ။ အများစုသည် ဤဘေးမှတ်စုများကိုပင် ဦးစွာ ကြည့်ရှုပြီးနောက်မှ လိုအပ်သလို ဆက်လက်ဖတ်ရှု လေ့လာကြသည် ဖြစ်စေရာ ဘေးမှတ်စုသည် အရေးပါသောအချက် မဟုတ်ဟု မဆိုထိုက်ပါချေ။

## ပြဋ္ဌာန်းချက် ပုဒ်မများ

ဥပဒေ ပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်ကို အကောင်အထည်ဖော်သော စာပိုဒ်များ ဖြစ်ပါသည်။ ပုဒ်မတိုင်း ပုဒ်မတိုင်းသည် ဥပဒေ၏ ရည်ရွယ်ရင်း အချက်များကို ဖော်ဆောင်ပါသည်။

ပုဒ်မ တစ်ခုစီသည် ပုဒ်မပါ ပြဋ္ဌာန်းချက်အလိုက် အဓိပ္ပာယ်အသီးသီးကို လည်းကောင်း၊ သက်ရောက်မှုအသီးသီးကို လည်းကောင်း ပုဒ်မပါ ဝေါဟာရ အသုံးအနှုန်း၊ ဖွဲ့စည်းမှုများဖြင့် ပုံဖော်ကာ ရပ်တည်ပါသည်။ ပုဒ်မတွင် ဖော်ပြသည့် ဖော်ပြချက်များအတိုင်း ဥပဒေအရ ခွင်းချက်ပြုထားသည့်ကိစ္စရပ်များမှတစ်ပါး အာဏာသက်ရောက်စေရပါသည်။ ပုဒ်မတစ်ရပ်လုံးကို ခြုံငုံမိစေရမည် ဖြစ်ပြီး မလိုရာကို ချန်လှပ် သုံးသပ်ကျင့်သုံးခြင်း မပြုမိစေရန်မှာ အဓိက အခြေခံအချက် ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## သင်္ကေတများ၊ ကွင်းဖြင့် ဖော်ပြချက်များ

အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေများတွင် 'ကော်မာ'များ၊ 'အညွှန်းဖော်ပြချက် သင်္ကေတ'များ ရှိပါသည်။ ပြဋ္ဌာန်းချက်ကို ဖတ်ရှု၍ အဓိပ္ပာယ် ပေါ်လွင်နေလျှင် သင်္ကေတ အညွှန်းများကို ဒုတိယအဆင့် အဖြစ်သာ စဉ်းစားရန် ဖြစ်ပါသည်။ ဥပဒေစာကြမ်း ဖတ်သူ၏ ချို့ယွင်းချက် ရှိနိုင်သည် ဟူသော အချက်ဖြင့် ပညာရှင်တချို့က လျှော့ပေါ့တွက်ဆထားကြပါသည်။ မြန်မာဘာသာဖြင့် ပြဋ္ဌာန်းသော ဥပဒေများတွင်မူ ဤအမျိုးအစားကို မတွေ့ရပါ။

စကားလုံးအား ကွင်းစ-ကွင်းပိတ် ပြ၍ ပြဋ္ဌာန်းခြင်းများလည်း ရှိနိုင်ခဲ့ပါသည်။ ကွင်းစ-ကွင်းပိတ် ခေတ္တ ပယ်ဖျောက်၍ ဖတ်ရှုခြင်းဖြင့် ဆိုင်ရာဘာသာစကား၏ သဒ္ဒါဆိုင်ရာ အသုံးအနှုန်းကို ထောက်ထားကာ အဓိပ္ပာယ်ကောက်ယူနိုင်ပါလိမ့်မည်။ ပညာရှင် Maxwell ကမူ သင်္ကေတအညွှန်းများ၊ ဖော်ပြချက်များအပေါ် လုံးဝဥဿုံ အမှန်ဟု ယုံကြည်စိတ်ချခြင်း မပြုရန် တိုက်တွန်းထားပါသည်။

သို့ရာတွင် ကော်မာ ချထားခြင်း၊ ကွင်းစ-ကွင်းပိတ် ပြုထားခြင်းတို့ ပါဝင်သည့် ဝါကျတည်ဆောက်ထားမှုသည် ယင်းအမှတ်သင်္ကေတများကို ဖယ်ရှားစဉ်းစားလိုက်ပါက အဓိပ္ပာယ် အခြားတစ်မျိုးသို့ ပြောင်းလဲသွားစေနိုင်သည်များ ရှိရာ သဒ္ဒါအသုံးအနှုန်းကိုပါ ထည့်သွင်း စဉ်းစားပြီးမှ ပြဋ္ဌာန်းချက်၏ အဓိပ္ပာယ်မှန်ကို ဖွင့်ဆိုတတ်ရန် ဖြစ်ပါသည်။

## ဥပမာများ၊ ရှင်းလင်းချက်များ

ပုဒ်မ ပြဋ္ဌာန်းချက်များ၏ အောက်တွင် ဥပမာများ ထည့်သွင်း ရေးဆွဲပြဋ္ဌာန်းလေ့ ရှိကြပါသည်။ ဥပမာ ဆိုသည့်အတိုင်း ဖော်ပြထားသည့် ဥပမာ ပြဋ္ဌာန်းချက်တွင် ပါရှိသော ဥပဒေ သဘောတရား တစ်ရပ်သို့မဟုတ် နှစ်ရပ်ကို နမူနာပြ ရှင်းလင်းထားသည့် စိတ်ကူးကြံဆ ဖော်ပြချက် ဖြစ်ပါသည်။ ဥပဒေ သဘောတရား တစ်ရပ်ရပ်ကို လိုက်နာကျင့်သုံးတတ်စေရန် နမူနာပြအဖြစ် ပြဋ္ဌာန်းခြင်း ဖြစ်ပါသည်။ ယင်း၏

mgyoe.com

mgyoe.com
SAMPLE BOOK

အာနိသင်ကို တွက်ဆရာ၌မူ ပြည်ထောင်စု မြန်မာနိုင်ငံ သက်သေခံအက်ဥပဒေပါ အချက်တချို့ကို တင်ပြလိုပါသည်။

သက်သေခံ အက်ဥပဒေ ပုဒ်မ ၃၀ တွင် 'တစ်ဦးထက်ပိုသောသူများကို ပြစ်မှုတစ်မျိုးတည်းအတွက် ပူးတွဲလျက် စစ်ဆေး စီရင်သည့်အခါ ထိုသူများအနက် တစ်ဦးတစ်ယောက်သောသူက ပေးသော ဖြောင့်ချက်သည် မိမိနှင့် အခြားသူတစ်ဦးအပေါ်တွင် ထိခိုက်စေသည့် ဖြောင့်ချက်ဖြစ်ကြောင်း သက်သေထင်ရှား ရှိလျှင် ထိုဖြောင့်ချက်ကို ဖြောင့်ချက်ပေးသူအပြင် အဆိုပါ အခြားသူများအပေါ်တွင်လည်း တရားရုံးက ထည့်သွင်း စဉ်းစားနိုင်သည်'ဟု ပြဋ္ဌာန်းပါသည်။ ပူးတွဲ တရားခံတစ်ဦး၏ ဖြောင့်ချက်ကို တစ်မှုတည်းပါ အခြား တရားခံအပေါ် သုံးစွဲနိုင်ခွင့်ပေးထားခြင်း ဖြစ်ပါသည်။ ဤပုဒ်မသည် အပိုင်း (၁)၊ အခန်း (၂) အကြောင်းခြင်းရာများ စပ်ဆိုင်ခြင်း အခန်း၌ ပါဝင်ပါသည်။

တစ်ဖန် အပိုင်း (၃)၊ အခန်း (၇) သက်သေထင်ရှား တင်ပြရန်တာဝန် အခန်းတွင် ပုဒ်မ ၁၁၄၊ အချို့သော ကြောင်းခြင်းရာများတည်ရှိကြောင်း တရားရုံးက မှတ်ယူနိုင်ခြင်း ဟူ၍ 'တရားရုံးသည် တစ်စုံတစ်ခုသော အမှုတစ်ခု၏ အကြောင်းခြင်းရာနှင့် ဆက်စပ်လျက်ရှိသော သဘာဝအဖြစ်အပျက်များ၊ လူတို့၏ အမူအကျင့်နှင့် အများပြည်သူဆိုင်ရာ လုပ်ငန်းနှင့် ပုဂ္ဂလိကဆိုင်ရာ လုပ်ငန်းတို့၏ အများအားဖြင့် ဖြစ်တတ်သည့် ဖြစ်ရိုးဖြစ်စဉ်သဘောကို ထောက်ရှု ဆင်ခြင်လျက် အကြောင်းခြင်းရာ တစ်ခုခု ဖြစ်တန်ရာသည်ဟု ထင်မြင်လျှင် ထိုအကြောင်းခြင်းရာများကို အမှန်ကဲ့သို့ တရားရုံးက မှတ်ယူနိုင်သည်'ဟု ပြဋ္ဌာန်းပါသည်။

ယင်းပြဋ္ဌာန်းချက်အတွက် ဥပမာ (က) မှ (ဈ) အထိ ဖော်ပြထားရာ ဥပမာ (ခ) 'ပြစ်မှုကျူးလွန်ရာတွင် ကြံရာပါတစ်ဦး၏ ထွက်ဆိုချက်ကို အရေးကြီးသော အကြောင်းအရာများ၌ အထောက်အကူပြုသည့် သက်သေခံချက် မရှိလျှင် ထိုသူမှာ ယုံကြည်ထိုက်သော သက်သေ မဟုတ်ကြောင်း' ဟူ၍ ပြဋ္ဌာန်းပြန်ပါသည်။ ထိုဥပမာအတွက် အဓိပ္ပာယ်

mgyoe.com

mgyoe.com SAMPLE BOOK

ကောက်ရာတွင် ထောက်ရှု ဆင်ခြင်ရန် နောက်ထပ် ဥပမာ နှစ်ခုကို ထပ်ဆင့်၍ အောက်တွင် ပြဋ္ဌာန်းထားပြန်သည်။

ပုဒ်မပြဋ္ဌာန်းချက်နှင့် ကပ်လျက် ဖော်ပြထားသည့် ဥပမာ ဆိုသည်မှာ ပြဋ္ဌာန်းချက်၏ ဥပဒေသဘောတရား တစ်ရပ်ရပ်ကို နမူနာပြ ရှင်းလင်းသည့် အစိတ်အပိုင်း ဖြစ်ပါသည်။ သို့ဖြစ်ရာ ပြဋ္ဌာန်းချက်ပါ ဥပဒေသဘောတရား တစ်ရပ်လုံးကို ခြုံငုံမိခြင်း မရှိ ဟူသော အကြောင်းဖြင့် ငြင်းပယ်ခွင့် မရှိပါ။ သို့ရာတွင် ဥပမာသည် သူ့ပင်ရင်းဥပဒေ ပြဋ္ဌာန်းချက်၏ အဓိပ္ပာယ်ထက် ကျော်လွန်ကောက်ယူစေရန်အထိကား အာဏာ မရှိပါ။

ပုဒ်မ ၁၃၃ တွင် 'ပြစ်မှု ကျူးလွန်ရာတွင် ကြံရာပါ တစ်ဦးသည် တရားခံနှင့် ဆန့်ကျင်၍ သက်သေအဖြစ် အစစ်ခံနိုင်ခွင့် ရှိသူ ဖြစ်ရမည်။ အခြားအထောက်အကူပြုသော သက်သေခံချက် မရှိဘဲ အဆိုပါ ကြံရာပါ တစ်ဦး၏ သက်သေခံချက်အပေါ်တွင်သာ အခြေပြု၍ တရားခံအား ပြစ်မှုထင်ရှား စီရင်ခြင်းသည် တရားဥပဒေနှင့်မညီ မဖြစ်စေရ' ဟု ပြဋ္ဌာန်းထားပြန်ပါသည်။

အထက်တွက် ဖော်ပြခဲ့သော သက်သေခံ အက်ဥပဒေ ပုဒ်မ ၃၀၊ ပုဒ်မ ၁၁၄ ၏ ဥပမာ (ခ) နှင့် ပုဒ်မ ၁၃၃ တို့သည် ပူးတွဲတရားခံ၊ ကြံရာပါတို့သည် ယုံကြည်ထိုက်သူများ ဟုတ် မဟုတ် ဆန်းစစ်ရာတွင် ကောက်ယူရမည့် ဥပဒေသများ ဖြစ်ပြီး အမှတ်မဲ့အားဖြင့် ကြည့်လျှင် တစ်ခုနှင့် တစ်ခု ဆန့်ကျင်နေဘိသကဲ့သို့ ဖြစ်ပါသည်။ ပုဒ်မ ပြဋ္ဌာန်းချက်သည် ဥပမာ ပြဋ္ဌာန်းချက်ထက် အာဏာပို၍ ပြင်းသည်မှာ မှန်သော်လည်း ဥပမာ ပြဋ္ဌာန်းချက်ကိုလည်း မဆန့်ကျင်မိရန် လိုပါသည်။ တစ်နည်း ဆိုပါက ပုဒ်မ ပြဋ္ဌာန်းချက်များကို ဥပမာ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ လိုက်နာ ကျင့်သုံးရမည် ဖြစ်ပါသည်။ ဤပြဋ္ဌာန်းချက်များအပေါ် မည်သို့ လိုက်နာ ကျင့်သုံးခဲ့သည်ကို မြန်မာနိုင်ငံ တရားစီရင်ထုံးများတွင် (စီရင်ထုံး ပေါင်းချုပ်) co-accused အခန်းများ၌ အလွယ်တကူ ရှာဖွေ တွေ့ရှိနိုင်ပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

## ခြွင်းချက်များ

ခြွင်းချက်ကို စဉ်းစားမည် ဆိုပါက မူလသဘောတရားကို သိရှိပြီး ဖြစ်ရပါမည်။ မူလသဘောတရားမှ ကွက်လပ်အဖြစ် ခြွင်းချန်ပေးထားသည် ဖြစ်ရာ မူလ သဘောတရားကို ကျေညက်စွာ သိရှိပြီးမှသာလျှင် ယင်း၏ ခြွင်းချက်ကို ဆုပ်ကိုင်နိုင်မည် ဖြစ်ပါသည်။

ခြွင်းချက်ကို ဖတ်ရှုလိုက်ခြင်းဖြင့် မူလ သဘောတရား၏ အရည်အသွေးကိုလည်း ပိုမိုထင်ရှားစေပြီး မူလသက်ရောက်ရာ နယ်ပယ်ကိုပါ ထင်ရှားစေအောင်ကန့်သတ်ပြီး ဖြစ်သည်ကို တွေ့ရှိနိုင်မည် ဖြစ်ပါသည်။

ခြွင်းချက်ပါ ပြဋ္ဌာန်းချက်များ၏ အဓိပ္ပာယ် သက်ရောက်မှု အတိုင်းအတာကို မည်သည့်တရားရုံးကမျှ ချဲ့ယူ သုံးသပ်ခွင့် မရှိပါ။ ခြွင်းချက်၏ သဘာဝကပင်လျှင် မူရင်း သဘောတရား၏ အရည်အသွေး၊ အတိုင်းအတာများအား တိကျ ထင်ရှားစေရန် ကန့်သတ် ဖော်ကျူးသည့် ပြဋ္ဌာန်းချက် ဖြစ်သဖြင့် ဤခြွင်းချက်ကို ချဲ့ထွင် ကျယ်ပြန့်စေမည် ဆိုပါက မူရင်း သဘောတရား၏ အနှစ်သာရများကို ထိခိုက်စေမည် ဖြစ်ပါသည်။ သို့ဖြစ်ရာ လိုအပ်သည် ယူဆပါလျှင် ဥပဒေပြုရေးအဖွဲ့သည် မူရင်းသဘောတရား၏ ခြွင်းချက်ကို ထပ်ဆင့်၍ ခြွင်းချက်ဖြင့် (ခြွင်းချက် နှစ်ဆင့်) ကန့်သတ် ပြဋ္ဌာန်းလေ့ရှိကြပါသည်။

## ကင်းလွတ်ခွင့်များ

ယေဘုယျအားဖြင့် ရာဇသတ်ကြီး ဥပဒေတွင် ပြစ်မှုဆိုင်ရာ မှုခင်းများနှင့် စပ်လျဉ်း၍ အထွေထွေ ကင်းလွတ်ရမြဲ အချက်များကို ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတကာ လိုက်နာ ကျင့်သုံးသော ဥပဒေသဘောတရားများ၊ ကွန်ဗင်းရှင်းများအရ ကင်းလွတ်ခွင့်ရသည့် လူတန်းစားများ ရှိပြီး ဖြစ်ပါသည်။

ယင်း ကင်းလွတ်ခွင့် ရသူများနှင့် စပ်လျဉ်း၍ အဓိပ္ပာယ်ကောက်ယူမည် ဆိုပါက 'ခြွင်းချက်ကို' အဓိပ္ပာယ်ကောက်ယူသကဲ့သို့ ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## အထွေထွေ ပြဋ္ဌာန်းချက်များ

ဥပဒေ၏ ပြဋ္ဌာန်းချက်များ နိဂုံးပိုင်းတွင် အထွေထွေ ပြဋ္ဌာန်းချက်များ အဖြစ် ဥပဒေ ပြဋ္ဌာန်းရသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းသင့် ပြဋ္ဌာန်းထိုက်သည့်အချက်များ လစ်ဟင်းကွင်းကျန်မှု မရှိစေရန် ရေးဆွဲ ပြဋ္ဌာန်းလေ့ရှိပါသည်။ ဤဥပဒေပြဋ္ဌာန်းလိုက်ခြင်းကြောင့် အသစ်ပေါ်ပေါက်လာသည့် အခွင့်အရေးတာဝန်များ၊ ကုန်ဆုံးသွားသည့် အခွင့်အရေးတာဝန်များ၊ ယခင်ဥပဒေဟောင်းကို ကျင့်သုံးမည့် အတိုင်းအတာ စသည်တို့အပေါ် ဥပဒေပြုအဖွဲ့၏ သဘောထားများကို ဖော်ပြချက်များအဖြစ် ပြဋ္ဌာန်းလေ့ရှိကြပါသည်။ ပြဋ္ဌာန်းလိုက်သည့် ဥပဒေ၏ ရည်ရွယ်ချက်ကို ပုံဖော်သည့် အဓိကအချက်များအား ပိုမိုတိကျ ပီပြင်စေသော အရေးကြီးသည့် ပြဋ္ဌာန်းချက်များ ဖြစ်ပါသည်။

အထက်တွင် ရေးသား ဖော်ပြချက်များသည် ဥပဒေတစ်ရပ်အား သုတေသနရှုထောင့်မှ သော်လည်းကောင်း၊ ဥပဒေ ရေးဆွဲခြင်း အတတ်ပညာ ရှုထောင့်မှ သော်လည်းကောင်း ရှုမြင် တင်ပြခဲ့ခြင်း မဟုတ်ပါ။ တရားခွင်တွင် ကျင့်သုံးမှုရှုထောင့်မှ လက်လှမ်းမီသရွေ့ တင်ပြခြင်းသာ ဖြစ်ပါသည်။ ဥပဒေ ဟူ၍ အတည်ပြု ပြဋ္ဌာန်းလိုက်သည်နှင့် စကားလုံးတိုင်းသည် အာဏာသက်ဝင်ပြီး မှန်သော်လည်း အားလုံး အညီအမျှ အာဏာစက် ရှိကြသည် မဟုတ်ရာ သူ့အခန်း သူ့နေရာအလိုက် မည်သို့ အာဏာစက် ရှိသည်ကို မျှဝေ တင်ပြခဲ့ခြင်း ဖြစ်ပါသည်။

## ရာဇဝတ်တရားစီရင်ရေး အခြေခံဥပဒေသများ

တက္ကသိုလ် ကျောင်းများတွင် ဤအခြေခံ ဥပဒေသများကို စာတွေ့ သင်ကြားပြီး ဖြစ်ပါသည်။ ဤဥပဒေသများကို ဥပဒေ ပြဋ္ဌာန်းချက်များ အဖြစ် ရေးဆွဲ ပြဋ္ဌာန်းထားခြင်း မရှိပါ။ ဌာနဆိုင်ရာ ညွှန်ကြားချက်များဖြင့်လည်း ညွှန်ပြထားခြင်း မဟုတ်ပါ။ သို့ရာတွင် တရားစီရင်ရေးလုပ်ငန်းတွင် လက်တွေ့ လိုက်နာကျင့်သုံးကြရသည့် အခြေခံ ဥပဒေသများ ဖြစ်သဖြင့် အလျဉ်းသင့်၍ ဖော်ပြထားပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

**ပထမ ဥပဒေသမှာ** 'တရားခံအဖြစ် စွပ်စွဲခံရသူတစ်ဦးအား ပြစ်မှု ထင်ရှား မရှိသေးသမျှ အပြစ်ကင်းသူဟုသာ မှတ်ယူရမည်။'(A person acccused of an offence is presumed to be innocent until he is proved guilty) ဖြစ်ပါသည်။

တရားခံမှာ အပြစ်ရှိသူ ဖြစ်ကြောင်း ထင်ရှားစေရန် ကိစ္စသည် စွပ်စွဲသူ၏ တာဝန်သာ ဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ရပါသည်။ ထို တာဝန်ကို စွပ်စွဲသူက မဆောင်ရွက်နိုင်သမျှ စွပ်စွဲခံရသူ တရားခံတွင် မည်သို့မျှ တာဝန်မရှိသေးပါ။ ဥပဒေသတိုင်းတွင် ခြွင်းချက်ရှိစမြဲ ဖြစ်ရာ ဤဥပဒေသတွင်လည်း ခြွင်းချက်များ ရှိပါသည်။

ပြစ်မှုဆိုင်ရာ ဥပဒေ (ရာဇဝတ်ကြီး) တွင် အထွေထွေ ကင်းလွတ် ချက်များ ဟူ၍ ပြဋ္ဌာန်းချက်များ ရှိပါသည်။ အခြား အထူးဥပဒေများ တွင်လည်း တရားစွဲဆိုခံထိုက်ခြင်း မရှိစေရသော ပုဂ္ဂိုလ်များအတွက် ကင်းလွတ်ချက်ပေးသည်များ ရှိပါသည်။ ယင်းကင်းလွတ်ချက်များတွင် အကျုံးဝင်သူအဖြစ် သက်ရောက်စေသည့် အကြောင်းခြင်းရာ (ဥပမာ- ကလေးသူငယ် ဖြစ်ခြင်း၊ တာဝန်ခံ အစိုးရအမှုထမ်း ဖြစ်ခြင်း၊ ရူးသွပ်သူ ဖြစ်ခြင်း) များ ပေါ်ပေါက်နေပါလျှင် ယင်းပုဂ္ဂိုလ်အား တရားစီရင်နိုင် မည် မဟုတ်။ ထိုသို့ ကင်းလွတ်ချက်များတွင် အကျုံးဝင်သူ ဖြစ်ကြောင်း သက်သေပြရန်တာဝန်သည် စွပ်စွဲခံရသူဘက်သို့ ပြောင်းသွားပါသည်။

ထို့ပြင် အချို့ အထူးဥပဒေများတွင် ယင်းဥပဒေပါ ပြစ်မှုတစ်ရပ် ရပ်နှင့် စပ်လျဉ်း၍ တရားရုံး၏ မှတ်ယူခွင့်အာဏာဖြင့် စွပ်စွဲခံရသူက သာ ထုချေရှင်းလင်းစေသည့် အတိအလင်း ပြဋ္ဌာန်းချက်များ ရှိပါသည်။ (ဥပမာ-လောင်းကစားဥပဒေ၊ လက်နက်ဥပဒေ၊ ပြည်သူပိုင်ပစ္စည်း ကာ ကွယ်ရေး အက်ဥပဒေ) အမှုနှင့် ပတ်သက်သည့် သက်သေခံပစ္စည်းကို လက်ဝယ် တွေ့ရှိရုံမျှဖြင့် အပြစ်ကျူးလွန်သူအဖြစ် သတ်မှတ်ကာ ခုခံ ဖြေရှင်းစေခြင်း ဖြစ်ပါသည်။

ထိုသို့ တရားရုံးက မှတ်ယူခွင့် (presume) ကျင့်သုံးပိုင်ခွင့်ကို ဆိုင်ရာ ဥပဒေတွင် အတိအလင်း ဖော်ပြ ပြဋ္ဌာန်းထားရပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအခြေအနေများမှအပ တရားစီရင်ရာတွင် သာမန်အားဖြင့် စွပ်စွဲသူဘက်၌သာ တရားခံ အပြစ်ရှိကြောင်း သက်သေပြရန်တာဝန် သက်ရောက်နေပါသည်။ ထိုတာဝန်ကို ဘက်ပြောင်းပေး၍ မရပါ။ ဤသဘောတရားများကို သက်သေခံဥပဒေ ပုဒ်မ ၁၀၁၊ ၁၀၅ တို့တွင် ပြဋ္ဌာန်းထားသည်များ တွေ့ရှိနိုင်ပါသည်။

ဒုတိယ ဥပဒေသမှာ 'တရားခံသည် ပြစ်မှု ကျူးလွန်ဖွယ် ရှိ မရှိ ကျိုးကြောင်းသင့်စွာ သံသယ ပေါ်နေပါလျှင် ထိုသံသယအကျိုးကို တရားခံသာ ခံစားထိုက်သည်၊ အပြစ်စီရင်၍ မရ။ (If there is a reasonable doubt of the guilt of an accused person, he is entitled to the benefit of that doubt and cannot be convicted.) ဖြစ်ပါသည်။ ဤ ဥပဒေသည် ပထမ ဥပဒေသနှင့် တစ်ဆက်တည်းပင် ဖြစ်သည်။

သက်သေခံ ဥပဒေတွင် 'သက်သေထင်ရှားခြင်း' (proved) ဆိုသည့် စကားလုံးအား ပုဒ်မ ၃ ၌ ရှင်းလင်းထားပါသည်။ ဤစကားရပ်နှင့်အတူ သက်သေထင်ရှား မရှိခြင်း (disproved) ကို လည်းကောင်း၊ သက်သေမထင်ရှားခြင်း (not proved) ကို လည်းကောင်း ယှဉ်တွဲ စဉ်းစားသင့်ပါသည်။ အကြောင်းအရာတစ်ရပ်သည် မှန်သည်ဟု တရားရုံးက ယုံကြည်လောက်သော အခြေအနေ ရှိမှ သို့မဟုတ် စဉ်းစားတတ်သူတစ်ဦးအနေဖြင့် အမှန်အတိုင်း ဆောင်ရွက်ခြင်းသာ ဖြစ်သည်ဟု ထင်မြင်လောက်သော အခြေအနေ ရှိမှသာ သက်သေထင်ရှားသည် (proved) ဟု ဆိုလိုပါသည်။ ထိုအခြေအနေ မရောက်သေးသမျှ သက်သေ မထင်ရှား (not proved) သေးပါ။ ထိုသို့ဆိုလျှင် စွပ်စွဲခံရသူ တရားခံသည် အပြစ် မရှိသူ (innocent person) အဖြစ်သာ မှတ်ယူရပါလိမ့်မည်။ တစ်နည်းအားဖြင့် သက်သေထင်ရှား မရှိသေးသမျှ သံသယ ဆိုသည်မှာ ရှိနေပါလိမ့်မည်။ သံသယ ရှိနေသေးသမျှ အပြစ်စီရင်၍ မရပါ။

သို့ဖြစ်စေကာမူ တရားစစ်ဆေး ကြားနာသည် ဆိုသည်မှာ လူသားတို့၏ အပြုအမူများကို ဆန်းစစ်ခြင်း ဖြစ်ရာ သင်္ချာတွက်ကိန်းအဖြေကဲ့သို့ အဖြေထုတ်နိုင်သည်ကား မဟုတ်ပါ။ သက်သေခံဥပဒေ မူကြမ်းကို ပြုစုခဲ့သူ Sir James Stephenက 'မည်သည့်အမှုတွင်မဆို တရားရုံးတွင်



mgyoe.com

mgyoe.com SAMPLE BOOK

အစွမ်းဆောင်နိုင်ဆုံး ကြိုးစားပါမှ အမှုအဖြစ်အပျက်အမှန် ဖြစ်နိုင်ခြေ၏ အမြင့်ဆုံးကိုသာ ရပါသည်။ ထိုအမြင့်ဆုံး ဖြစ်နိုင်ခြေ ဆိုသည်မှာ ရုံးရှေ့တွင် စစ်ဆေးသည့် သက်သေတစ်ဦး၊ သက်သေအများ၏ ယင်းတို့ မြင်သမျှ၊ ကြားသမျှကို အမှန်အတိုင်း သစ္စာကျိန်ဆိုကာ ထွက်ဆိုချက်များမှသာ ရရှိပါသည်။ (အနိမ့်ဆုံး ဖြစ်နိုင်ခြေကို ခေတ်သစ်နည်းပညာနယ်ပယ်မှ ရနိုင်ပါသည်။) ယင်းသက်သေများ အမြင်မှားခြင်း၊ အကြားမှားခြင်း မဖြစ်ပါမှ ယင်းတို့၏ ထွက်ဆိုချက်မှာ မှန်ကန်နိုင်ပါလိမ့်မည်။ တစ်နည်းအားဖြင့် နှုတ်ထွက်ဆိုချက်တစ်ရပ်သည် လူ၏ အာရုံခံစားမှုအပေါ် တည်မှီနေရသည့်အတွက် သံသယ ပွားစေသည့် အတိုင်းအတာနယ်ပယ်မှာ ကျယ်ပြန့်နေပါသည်။

တချို့က သံသယပွားထိုက်သည် သို့မဟုတ် သံသယ မရှိထိုက် ဆိုသည့် ကိစ္စအပေါ် ဆုံးဖြတ်ရန်မှာ ဥပဒေပြဿနာ မဟုတ်၊ အစဉ်အလာ ဆုံးဖြတ်ခဲ့သည်များနှင့်အညီ လိုက်နာ ဆုံးဖြတ်ရန်သာ ဖြစ်သည်၊ သံသယပွားထိုက်ခြင်း ရှိ မရှိ (အပြစ် ရှိ မရှိ) ကို ရုံးရှေ့ သက်သေထွက်ချက်များအပေါ် အခြေခံသည့် ကျင့်ဝတ်သိက္ခာဖြင့် ပိုင်းခြား သတ်မှတ်ချက်ဖြင့်သာ ဆုံးဖြတ်နိုင်သည်ဟု ဆိုကြပါသည်။ မိမိအနေဖြင့်မူ ဆုံးဖြတ်မည့်ပုဂ္ဂိုလ် (များ) အနေဖြင့် ထိုအချိန်က ထိုသူသည် ထိုအပြုအမူကို ပြုမူဖွယ်ရာ ရှိသည် သို့မဟုတ် ပြုမူဖွယ်ရာ မရှိဟု စိတ်ထဲတွင် အမှန်အတိုင်း ခံစားရခြင်း ရှိ မရှိဖြင့်သာ သံသယကို ရှာဖွေသင့်သည်ဟု ယူဆပါသည်။ ဤစကားကို မည်သူမျှ နားမလည်နိုင်စရာ မရှိပါဟု ရေးသားဖူးပါသည်။

ဤသို့ ဆက်စပ်တွေးဆပါလျှင် သံသယ ဆိုသည့် စကားရပ်၊ ကျိုးကြောင်းဆီလျော်သည် ဆိုသော စကားရပ်ကို အလှမ်းဝေးနေလိမ့်မည် မဟုတ်ပါ။ ဤစကားရပ်များအတွက် အဓိပ္ပာယ်လည်း ဖွင့်ဆိုရန် မဖြစ်နိုင်ရာ သံသယ ရှိ မရှိကို အမှုစစ်ဆေးသော တရားသူကြီးမှသာလျှင် အဖြေပေးရန် ဖြစ်နေပါသည်။

တရားခံ ခုခံချေပချက်သည် ယင်းတင်ပြခုခံသည့်အတိုင်း အောင်မြင်ချင်မှ အောင်မြင်ပါလိမ့်မည်။ သို့ရာတွင် ယင်း၏ ချေပချက်ပါ

mgyoe.com

mgyoe.com SAMPLE BOOK

ပေါ်လွင်သော အချက်အလက်တချို့မှာ တရားလို စွပ်စွဲချက်ပါ အမှုအား သံသယပွားစေလောက်သည်များ ရှိနေပါလျှင် ထိုသံသယကို တရားခံချေပချက်သာ ဟူသော အကြောင်းကြောင့် မဆီလျော်ဟု မဆိုနိုင်ပါချေ။

တတိယ ဥပဒေသမှာ တရားခံ ရှေ့မှောက်တွင် ဥပဒေနှင့်အညီ စစ်ဆေး ရယူသော သက်သေခံချက်များဖြင့်သာ အမှုတိုင်းကို ဆုံးဖြတ်ရန် (Every case must be decided on legally admissable evidence taken at the trial in the presence of the accused) ဖြစ်ပါသည်။ သက်သေ စစ်လျှင် တရားခံ၏ ရှေ့မှောက်တွင် စစ်ဆေးရမည်ကို အားလုံး သိရှိ လိုက်နာကြပါသည်။ ထိုသို့ စစ်ဆေးရန်လည်း ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၃၅၃ တွင် လေ့လာ သိရှိနိုင်ပါသည်။ ယင်းဥပဒေအခန်း (၁၈)၊ (၂၀)၊ (၂၁)၊ (၂၂) နှင့် (၂၃) တို့တွင် ပြဋ္ဌာန်းချက်များနှင့် အညီ သက်သေခံချက်များ ရယူရာတွင် ဥပဒေ၌ အတိအလင်း ဖော်ပြကာ ခြွင်းချက်ပြုထားသည့်အခါမှတစ်ပါး တရားခံ၏ ရှေ့မှောက်တွင် သက်သေစစ်ချက် ရယူရမည် ဖြစ်ပြီး တရားခံအား ကိုယ်တိုင် ရုံးရှေ့ ရောက်ရှိရန် ပျက်ကွက်ခွင့်ပြုထားသော ကိစ္စများတွင်မူ ယင်း၏ ရှေ့နေ ရုံးရှေ့ ရောက်ရှိရန် လိုအပ်မည် ဖြစ်ပါသည်။

တရားခံအား ရုံးရှေ့ လာရောက်ရန် ပျက်ကွက်ခွင့် ပြုနိုင်သော ပြဋ္ဌာန်းချက်များအဖြစ် ပြစ်မှုကျင့်ထုံး ဥပဒေ ပုဒ်မ ၂၀၅ (၁) ပုဒ်မ ၅၄၀ (က)၊ အခန်း (၄၀) ပုဒ်မ ၂၈၈၊ ပုဒ်မ ၅၀၉ (၁) တို့တွင် လည်းကောင်း၊ တရားခံမျက်ကွယ်တွင် ရယူထားသော သက်သေခံချက်များသည် တရားဝင် သက်သေခံချက်များအဖြစ် ခွင့်ပြုထားသော ပြဋ္ဌာန်းချက်များအဖြစ် ပြစ်မှုကျင့်ထုံး ဥပဒေ ပုဒ်မ ၅၁၂ နှင့် သက်သေခံ အက်ဥပဒေ ပုဒ်မ ၃၂၊ ပုဒ်မ ၃၃ တို့တွင် လည်းကောင်း ဖော်ပြထားပါသည်။ တရားရုံး၏ အခွင့်အာဏာအရ ခွင့်ပြုနိုင်သည့် ကိစ္စများ၊ ကော်မရှင်ဖြင့် စစ်ဆေးရသည့် ကိစ္စများ၊ နည်းလမ်းတကျ ရယူထားပြီး ဖြစ်သည့် ရှေးဦး စစ်ဆေးချက်များအား တင်ပြရသည့် ကိစ္စများ၊

mgyoe.com

mgyoe.com
SAMPLE BOOK

တရားခံပြေး ကိစ္စများ၊ သက်သေခံအဖြစ် ဆင့်ခေါ်မရနိုင်သူများ၏ သက်သေခံချက် ရယူခြင်းဆိုင်ရာ ကိစ္စများပင် ဖြစ်ပါသည်။

ထို့ပြင် ပြစ်မှုမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် အရေးယူခြင်းများတွင်လည်း ပြစ်မှုကျင့်ထုံး ဥပဒေ ပုဒ်မ ၁၁၃ နှင့် ၁၁၄ တို့အရ ပြစ်မှု ကျူးလွန်တတ်သူကို ဆင့်ရမည် ဖြစ်ပြီး မလာရောက်ပါက ပုဒ်မ ၁၁၆ အရ ဆောင်ရွက်ခွင့် အခွင့်အာဏာကို ပြဋ္ဌာန်းထားပါသည်။ စားစရိတ်မှုခင်းအဖြစ် ပြစ်မှုကျင့်ထုံး ဥပဒေ ပုဒ်မ ၄၈၈ အရ စွဲဆိုသော မှုခင်းများတွင် စွဲဆိုခံရသူ လင်ယောကျ်ား/ဖခင်သည် ရုံးရှေ့သို့ ကိုယ်တိုင်လာရောက်လိုခြင်း ရှိ မရှိ ရွေးချယ်ခွင့် ရှိပါသည်။ သို့ရာတွင် ၎င်းကိုယ်တိုင် မလာရောက်လျှင်လည်း ၎င်း၏ရှေ့နေ ရှိနေရပါမည်။

တရားခံ လုံးဝ မရောက်ရှိဘဲ အရေးယူနိုင်သော တစ်ခုတည်းသော အမှုမှာ ပြစ်မှုကျင့်ထုံးဥပဒေ အခန်း (၁၁) အဆောတလျင် ဖြစ်စေသည့် စိတ်ငြိုငြင်စေမှု သို့မဟုတ် အန္တရာယ်ဖြစ်လိမ့်မည်ဟု စိုးရိမ်ဖွယ်ရာ ရှိသည့် အမှုများတွင် ပုဒ်မ ၁၄၄ အရ အမိန့် ထုတ်ဆင့်သည့် ကိစ္စသာ ရှိပါသည်။

ဤတတိယဥပဒေသအကြောင်းကို ပြန်ကောက်ရပါလျှင် ဥပဒေနှင့်အညီ ရယူထားသော သက်သေခံချက်များအရသာလျှင် အမိန့်ချမှတ်ဆုံးဖြတ်ရန် ဆိုသည်မှာ ဥပဒေဖြင့် အတိအလင်း ပြဋ္ဌာန်းထားသည် မဟုတ်၊ ကျင့်ထုံးနှင့် သက်သေခံဥပဒေများအရ လိုက်နာကြရသည့် ကျင့်စဉ်များနှင့်အညီ တရားရုံးများက ဆောင်ရွက်ကြရခြင်းသာ ဖြစ်သည်။ အနီးစပ်ဆုံး ပြဋ္ဌာန်းချက်အဖြစ် သက်သေခံဥပဒေ ပုဒ်မ ၁၆၅ တွင် တရားသူကြီးတစ်ဦး၏ မေးမြန်းပိုင်ခွင့် သို့မဟုတ် သက်သေခံ တစ်ရပ်ရပ်အား တင်ပြစေနိုင်ခွင့်အာဏာနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်၌ 'သို့ရာတွင် တရားသူကြီးသည် ဤဥပဒေအရ အမှုနှင့် စပ်ဆိုင်သည်ဟု ပြဋ္ဌာန်းထားသော၊ ထို့ပြင် သက်သေ ထင်ရှားစေရန် နည်းလမ်းတကျ သက်သေထင်ရှား တင်ပြပြီးလည်း ဖြစ်သော အကြောင်းခြင်းရာအပေါ်တွင် အခြေပြု၍ စီရင်ချက်ချမှတ်ရမည်' ဟူ၍ ဖော်ပြချက်သာ တွေ့ရပါသည်။

mgyoe.com